ယာနာဝေလ
The Mandalay Daily
နေ့စဉ်
၁၉၉၇ခုနှစ် ဖိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။
အတွဲ(၂၈) ၊ အမှတ်(၂၇၁)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း ၁၃ ရက် ၊ ၄-၉-၂၀၂၅၊ ကြာသပတေးနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒေသစံတော်ချိန် ယနေ့နံနက် ၈ နာရီတွင် ပေကျင်းမြို့ Tian'anmen ရင်ပြင်၌ ကျင်းပပြုလုပ်သည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်သည်။

စာမျက်နှာ ၃ သို့ »»



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်။



## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ ကြာသပတေးနေ့။

# တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုများ ပေးအပ်လျက်ရှိ

နိုင်ငံတော်အစိုးရမှ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများကို တောင်သူများထံ အရောက်ဖြန့်ဝေပေးရခြင်း ရည်ရွယ်ချက်မှာ တောင်သူများ ဈေးနှုန်းသက်သာစွာသုံးစွဲနိုင်ရန်နှင့် ငွေကြေးအရင်းအနှီး ချက်ချင်းမပေးနိုင်သည့် တောင်သူများမှ သုံးစွဲနိုင်ရန်ဖြစ်ကြောင်း၊ သွင်းအားစုများ သုံးစွဲနိုင်မှ သီးနှံများ သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိမှာဖြစ်ပြီး ပန်းတိုင်အထွက်နှုန်းရရှိမှသာ တောင်သူများ၏ ဝင်ငွေနှင့်လူနေမှု အဆင့်အတန်း မြင့်မားလာစေမှာဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် စစ်ကိုင်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကျုံးမဝင်သော မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ဓာတ်မြေဩဇာများ သုံးစွဲရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ လမ်းညွှန်ထားသော သတ်မှတ်ရက်အလိုက် ထည့်သွင်းရမည့် ပမာဏ၊ ထည့်သွင်းနည်းစနစ်များကို စနစ်တကျ မှန်ကန်အောင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် တောင်သူတစ်ဦးချင်းစီးပွားရေးအဆင်ပြေမှသာ နိုင်ငံ့စီးပွားရေး အဆင်ပြေ တိုးတက်လာမှာဖြစ်တာကြောင့် ယခုစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သွင်းအားစုများအား မှန်မှန်ကန်ကန် အသုံးပြုနိုင်မှသာ ပန်းတိုင်အထွက်နှုန်းရရှိမည်ဖြစ်ပြီး သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေ အရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေ ဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေးတို့ အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေး၊ ကျေးရွာများတွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစား တူညီသူများ စိတ်တူကိုယ်တူ ဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းပေးပြီး အသင်းသားတောင်သူများ၏ အဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုများပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသော စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန်များကို ဈေးကွက်ခိုင်မာမှုရရှိရေး လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ ကိုယ်လုပ်မှ ကိုယ်ရမှာဖြစ်၍ လုပ်ဆောင်ရမည့် စိုက်ပျိုးရေးလုပ်ငန်းစဉ်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း တောင်သူများအား စေတနာထားပြီး စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲ၍ အသိပညာပေး ပြောကြားနေရန်လိုအပ်ပါကြောင်း၊ စီမံကိန်းရည်မှန်းချက်များအောင်မြင်အောင်ဆောင်ရွက်ရန်နှင့် ဆုံးရှုံးမှုများမရှိစေရန် ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်မှ တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ သွင်းအားစုများပေးအပ်လျက်ရှိရာ တောင်သူများအနေဖြင့်လည်း သီးနှံပေါ်ပါက ယခုသွင်းအားစု တန်ဖိုးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ၊ သမဝါယမချေးငွေများ၊ မြစိမ်းရောင်ချေးငွေများပြန်ဆပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## စူဠာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် ငွေလှူဒါန်း



**မန္တလေး စက်တင်ဘာ ၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော် စူဠာမုနိ ရုပ်ရှင်တော်မြတ်ကြီးတွင် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် အုန်းချောစံပြကျေးရွာနေ ဦးအောင်ကျော်(ခ)ကိုဂျက်လီ မိသားစုတို့က အလှူငွေကျပ် တစ်သိန်း လှူဒါန်းမှုကို မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်တို့နှင့် စူဠာမုနိဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(ကဆ)**

## ဝန်ထမ်းများအား ဟင်းသီး၊ ဟင်းရွက်များ ထောက်ပံ့

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၃)ကြိမ်မြောက် ဟင်းသီး၊ ဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနရုံး (မနော်ရမ္မ)တွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီး၊ ဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကိုစိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၃)ကြိမ်မြောက် ဟင်းသီး၊ ဟင်းရွက်များကိုထောက်ပံ့ပေးအပ်ရာတွင် ကန်စွန်းရွက် ၁၂၅ စည်း၊ ခရမ်းသီး ၃၀၅ ထုပ်၊ ငရုတ်သီး ၅၀ ထုပ်၊ ဘူးသီး နှစ်လုံး၊ ကျောက်ဖရုံသီး သုံးလုံး၊ ချဉ်ပေါင် ၁၉၀ စည်း၊ ပင်စိမ်း ၃၀ စည်း၊ ရုံးပတီသီး ၃၀ ထုပ်နှင့် ငွေနှင်းမှို ၄၈ ထုပ်တို့ကို အောင်မြေသာစံမြို့နယ်ရှိ သန့်ရှင်းရေးဝန်ထမ်း ၂၈၆ ဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦးတို့အား ဟင်းသီး၊ ဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**



## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးရှေ့နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမြွာရုံ၊ အ.ထ.က(၁) အနောက်ဘက်လမ်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို စက်တင်ဘာ ၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက် (ဖ-၁၀)၊ ၅၇လမ်းနှင့် ၁၁၂(A) လမ်းထောင့်တွင်လည်းကောင်း၊ စက်တင်ဘာ ၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ ၇၂လမ်း၊ မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



»»» ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့များ၊ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူများ တက်ရောက်ကြသည်။

### တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက်

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး သတ်မှတ်နေရာတွင် နေရာယူကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၄ သို့ »»»



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အင်ဒိုနီးရှားနိုင်ငံ သမ္မတနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

»» စာမျက်နှာ ၃ မှ

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ဦးဆောင်၍ စစ်ရေးပြအခမ်းအနား ကြည့်ရှုမည့် Tian'anmen Rostrum ရှစင်သို့ တက်ရောက်နေရာယူကြသည်။

ဆက်လက်၍ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ် ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က မိန့်ခွန်းပြောကြားပြီး စစ်ရေးပြတပ်ဖွဲ့များအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စစ်ရေးပြတပ်ဖွဲ့များက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များအား စစ်ရေးပြ အစီအစဉ်အတိုင်း ချီတက်အလေးပြုကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုင်ငံတကာမှ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ဦးဆောင်၍ စစ်ရေးပြအခမ်းအနား ကြည့်ရှုမည့် Tian'anmen Rostrum ရှစင်သို့ တက်ရောက်နေရာယူကြစဉ်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတကာမှ ဖိတ်ကြားထားသည့် နိုင်ငံ့ခေါင်းဆောင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်ရေးပြအခမ်းအနား မစတင်မီအချိန်တွင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်လာကြသည့်နိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အာမေနီးယားနိုင်ငံနှင့်အခြားနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တစ်ဦးချင်း ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## စစ်တောင်းမြစ် မြစ်ကမ်းအနီးနေထိုင်သူများ သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် စက်တင်ဘာ ၃

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှောင်ရှားနိုင်ပါရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ Tebian Electric Apparatus(TBEA)ကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA)ကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် စက်တင်ဘာ ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဒေသစံတော်ချိန် ယနေ့ညနေ ၅ နာရီတွင် ပေကျင်းမြို့ရှိ Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့ ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌနှင့် ကုမ္ပဏီဝန်ထမ်းများက ရင်းနှီး နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သည် ကုမ္ပဏီရုံးခန်း၌ ခင်းကျင်း ပြသထားသည့် TBEA ကုမ္ပဏီမှ ဆောက်လုပ်ထားသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကမ္ဘာ တစ်ဝန်း စွမ်းအင်ထုတ်လုပ်ရေး၊ သတ္တုထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ် ပစ္စည်းများ ထုတ်လုပ်တပ်ဆင် ခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု လေ့လာကြပြီး ရှင်းလင်းပြသမှုများအပေါ် သိရှိလို သည်များ မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ကုမ္ပဏီအစည်း အဝေးခန်းမ၌တွေ့ဆုံ၍ TBEA ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ၌ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ် ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများ၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်သည့် စက်ရုံများအား မြန်မာနိုင်ငံတွင် တည်ဆောက် ထုတ်လုပ်၍ပြည်တွင်းဈေးကွက်နှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချ နိုင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် အခြေအနေများ၊ သတ္တုတူးဖော်ရေး လုပ်ငန်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်၍ ကုန်ချော များ ထုတ်လုပ်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ တိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက TBEA ကုမ္ပဏီ ဧည့်သည်တော်မှတ်တမ်းစာအုပ် တွင် မှတ်တမ်းတင် လက်မှတ် ရေးထိုးပြီး TBEA ကုမ္ပဏီဥက္ကဋ္ဌ နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Tebian Electric Apparatus (TBEA) ကုမ္ပဏီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

☆ မြန်မာနိုင်ငံ၌ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက် နိုင်မှုအခြေအနေများ၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများအား မြန်မာနိုင်ငံတွင် တည်ဆောက်ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်နှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း များတိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု သည့်အခြေအနေများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်၍ ကုန်ချောများထုတ်လုပ်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍ တိုးတက်ရေးအတွက် အတူတကွပူးပေါင်း ဆောင်ရွက်နိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Tebian Electric Apparatus(TBEA) ကုမ္ပဏီဥက္ကဋ္ဌတို့ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

**ယနေ့ကာလတွင် မိမိနိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံ့သားကောင်းများဖြစ်လာစေရေးရည်မှန်း၍ ပြုစုပျိုးထောင်နေကြပြီး နိုင်ငံတော်ကို ဘက်စုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်**

**နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမဆိုင်ရာ ပညာရပ်များကို မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းနေကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင်ရှိကြသည့် ဝါသနာရှင် မျိုးဆက်သစ်လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးအနက်ထားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကိုလည်း နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ် ကျင်းပနေခြင်းဖြစ်**

☆ ကျောဖုံးမှ

အကဲဖြတ်ပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အမှာစကားပြောကြားရာတွင် ယခင်နှစ်က ကျင်းပပြုလုပ်ခဲ့သည့် "(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး"တွင် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် မြန်မာ့အနုပညာ သမိုင်းမှတ်တမ်းတွင် အောင်မြင်စွာ ကမ္ပည်းရေးထိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယခု ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် "(၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကိုလည်း ပြိုင်ပွဲကြီး၏ သမိုင်းအစဉ်အလာကောင်းများနှင့်အညီ ဖွင့်ပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားများအား တင့်တယ်စွာ စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်ညှိနှိုင်းမှုများကိုလည်း ပြုလုပ်ထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ကာလတွင် မိမိနိုင်ငံ၏ လူသားအရင်းအမြစ်များဖြစ်သည့် မျိုးဆက်သစ် လူငယ်မောင်မယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို ကောင်းမွန်စွာ တည်ဆောက်နိုင်ရေးအတွက် နိုင်ငံ့သားကောင်းများဖြစ်လာစေရေး ရည်မှန်း၍ ပြုစုပျိုးထောင်နေကြပြီး နိုင်ငံတော်ကို ဘက်စုံမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမဆိုင်ရာ ပညာရပ်များကို မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းနေကြသည့် ပညာရှင်ကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင်ရှိကြသည့် ဝါသနာရှင် မျိုးဆက်သစ်လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုများကိုအလေးအနက်ထားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကိုလည်း နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ် ကျင်းပနေခြင်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကြီးများ ကျင်းပရာတွင် ခမ်းခမ်းနားနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြပြီး သက်ဆိုင်ရာ ဘာသာရပ်အလိုက် အတွေ့အကြုံရင့်ကျက်မှုရှိသည့် အကဲဖြတ်ပညာရှင်ကြီးများအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်သည့်အပြင်၊ ဘက်လိုက်မှုကင်းရှင်းစွာဖြင့် တိုင်းဒေသကြီး/ပြည်နယ်များမှ မျိုးဆက်သစ်လူငယ်များကို ဖော်ထုတ်ပေးနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ အနေဖြင့် ပြိုင်ပွဲကြီးများ ခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် အနုသုခုမဆိုင်ရာ ကဏ္ဍများအပြင် လုံခြုံရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများကိုလည်း ပြည့်စုံစေစပ်စွာ ဆောင်ရွက်နိုင်ကြမည်ဟုလည်း ယုံကြည်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ရိုးရာအစဉ်အလာဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ ပညာအတွေ့အကြုံဗဟုသုတများသည် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့် မျိုးချစ်စိတ်တို့ကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ခြင်း သာမကယဉ်ကျေးသိမ်မွေ့ခြင်းများနှင့်ပါ ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ကျင်းပပြုလုပ်ခြင်းသည်လည်း မြန်မာ့အနုပညာကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ထူးခြားပြီး အနက်အဓိပ္ပာယ် ပြည့်ဝလှသည့် မြန်မာ့အနုပညာကို ကမ္ဘာကပင် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်အတွက် ကောင်းမွန်သည့် စီစဉ်ဆောင်ရွက်မှုများ၊ ကြိုးပမ်းအားထုတ်မှုများနှင့် ကျင်းပဆောင်ရွက်ကြသည့်အတွက် မြန်မာနိုင်ငံသားတို့၏ အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန်ကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေးတွင် တက်ရောက်လာကြသည့် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် ရင်းနီးပွင့်လင်းစွာ ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြပေးနိုင်ကြရန် အလေးအနက်ထားပြောကြားလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဖံက (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အစီအမံများကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် လုံခြုံရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် အခမ်းအနားများကျင်းပရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လွှင့်ဆော်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီနှင့် တည်းခိုမည့်နေရာအုပ်ချုပ်ရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘာသာရပ်ဆိုင်ရာအကဲဖြတ်ပညာရှင်များနှင့် အစည်းအဝေးသို့တက်ရောက်လာကြသူများက (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## နောင်ချိုမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းနှင့် မဲဆန္ဒရှင်အသိပညာပေး သရုပ်ပြစမ်းသပ်မဲပေးခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းနှင့် မဲဆန္ဒရှင် အသိပညာပေး သရုပ်ပြစမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)နောင်ချိုမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုး၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးမြင့်ဦး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လာမည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional–MMP)ကို အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြိုတင်မဲများမှလွဲ၍ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံများ၌ မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine–MEVM)များဖြင့် ခလုတ်နှိပ်မဲပေးရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းများခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများရှိ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲဝန်ထမ်းများ အနေဖြင့် ရွေးကောက်ပွဲအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ကို အပြည့်အဝ ယုံကြည်ကြောင်းနှင့် မိမိတို့အတူလက်တွဲပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကျောက်မဲခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုတတ်စေရန် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုနည်းနှင့် ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နယ်မြေလုံခြုံရေးတာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး နောင်ချိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစု ပေးအပ်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် စက်တင်ဘာ ၃

စစ်ကိုင်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကျုံးမဝင်သော မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။




## ဆွေးနွေးပြောကြား

ဦးစွာ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ သတ်မှတ်ပန်းတိုင် အထွက်နှုန်းပြည့်မီရေးဆောင်ရွက်ပေးနေမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများ ပေးအပ်ရာတွင် ယခုစီမံကိန်းဖြင့် ဖြန့်ဝေသောဈေးနှုန်းမှာ ယူရီးယားတစ်အိတ်လျှင် ရန်ကုန်အထိုင်ဈေးနှုန်း ငွေကျပ် ၈၉၅၀၀ နှင့် ကွန်ပေါင်းတစ်အိတ်လျှင် ရန်ကုန်အထိုင်ဈေးနှုန်း ငွေကျပ် ၁၂၀၀၀၀ ဖြစ်ပါကြောင်း၊ ရန်ကုန်မှ သယ်ယူစရိတ်နှင့် သတ်မှတ်ကုန်ကျစရိတ်များအပါအဝင် ယူရီးယားနှင့်ကွန်ပေါင်းတစ်အိတ်လျှင် တောင်သူများ လက်ဝယ်အရောက် ပြင်ပဈေးထက် ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ သက်သာနိုင်မည်ဖြစ်ကြောင်း၊ ပြင်ပဆိုင်များတွင် သီးနှံပေါ်ပေးစနစ်ဖြင့် ဝယ်ယူပါက ပိုမိုကျသင့်မည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် သီးနှံပေါ်ပါက ယခုသွင်းအားစုတန်ဖိုးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ၊ သမဝါယမချေးငွေများ၊ မြစိမ်းရောင်ချေးငွေများကို အပြေအကျေပြန်ဆပ်ရန် လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ မိုးစပါးစိုက်တောင်သူများအား ယူရီးယား၊ ကွန်ပေါင်းသွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)သို့ရောက်ရှိပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းအဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) နောက်ဆုံးနှစ်တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံကိုလည်းကောင်း၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများ၊ စက်ရက်ကန်း၊ လက်ရက်ကန်း၊ ရွှေချည်ထိုး ငွေချည်ထိုးသင်တန်း လက်တွေ့သင်ကြားနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း(မန္တလေး)သို့ ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ နေထိုင်ရေး၊ စားသောက်ရေးကိစ္စရပ်များ အဆင်ပြေအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ သင်တန်းကျောင်းအတွင်း သံကူကွန်ကရစ်သုံးထပ် သင်တန်းသားအိပ်ဆောင်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၃

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည် အစားခန့်(အရပ်သား) ဝန်ထမ်းများ၏ သားသမီးများ၊ စစ်သည်များ၊ လူရည်ချွန်ဆု ရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းများကို ယနေ့တွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ ပြည်ငြိမ်းအေးခန်းမ၌ လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ လည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်ရှိ ရေဝတီခန်းမ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌လည်းကောင်း ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးများနှင့်တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသား ကျောင်းသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့်အတူ ဂုဏ်ပြု လက်ဖက်ရည်ပွဲများကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၃

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

# ကင်းတားရေလှောင်တမံ ကန်ရေပြည့်မှတ် ၉ ဒသမ ၂၇ ပေကျန်ရှိ ရေပြည့်ရေလှောင်ပမာဏ ၉၃၀၁၀ ဧကပေ ထပ်မံ သိုလှောင်နိုင်

**မြစ်သား စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ် ကံဆည်ကျေးရွာအုပ်စုအနီးရှိ ကင်းတားရေလှောင်တမံအား စက်တင်ဘာ ၁ရက် မွန်းလွဲပိုင်း တိုင်းထွာချက်အရ လက်ရှိရေပမာဏ ၇၈၀၅၇၀ ဧကပေရှိပြီး ရေမှတ်(အမြင့်ပေ) ၆၇၀ ဒသမ ၇၃ ပေရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ကင်းတားရေလှောင်တမံ၏ ရေသိုလှောင်နိုင်မှုပမာဏမှာ ၈၇၃၅၈၀ ဧကပေဖြစ်ပြီး ရေထပ်မံသိုလှောင်နိုင်မည့်ပမာဏ ၉၃၀၁၀ ဧကပေကျန်ရှိ၍ ဆည်ကန်ရေပြည့်ရေမှတ်(အမြင့်ပေ)ပေ ၆၈၀ဖြစ်ပြီး ကင်းတားရေလှောင်တမံအတွင်း ရေထပ်မံသိုလှောင်နိုင်မှု ရေမှတ် (အမြင့်ပေ) ၉ ဒသမ ၂၇ပေ ကျန်ရှိကြောင်း၊ တောင်တရုတ်ပင်လယ်အတွင်းဖြစ်ပေါ်လျက်ရှိသော နောင်ဖမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြီး ကင်းတားရေလှောင်တမံအတွင်းသို့ ရေအများအပြား ဝင်ရောက်လာနိုင်က ကန်တွင်းသို့လှောင်ရေ ကြိုတင်လျှော့ချရန် လိုအပ်သည့်အတွက် ရေပိုလွှဲရေတံခါးနှစ်ပေါက်အား ၁ ဒသမ ၅ ပေစီ ဖွင့်ထားလျက်ရှိသည်။ **(အောက်ဝဲပုံ)**



မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ(တမံ)နှင့်ဝန်ထမ်းများက ကင်းတားဆည်တမံကြံ့ခိုင်မှု အခြေအနေနှင့် ကင်းတားဆည်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေများအား နေ့ညမပြတ် စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်  ဦးမျိုးအောင် တိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅)အစည်းအဝေးသို့ တက်ရောက်




**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၅)အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း(မန္တလေး)၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် နိုင်ငံခြားဝင်ငွေရရှိမှုကို အထောက်အပံ့ပေးနေသည့်အပြင် လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အတွက် တိုက်ရိုက်ရော၊ သွယ်ဝိုက်၍ပါ အကျိုးပြုနေသည့် လုပ်ငန်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် ဟိုတယ်နှင့် တည်းခိုရိပ်သာများ ရှိခဲ့ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေး တည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများနှင့် လာမည့်နှစ်ခရီးသွားရာသီအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ လုပ်ငန်းများ ကြန့်ကြာမှုမရှိစေရန် သက်ဆိုင်ရာဌာနများက ကဏ္ဍအသီးသီးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူများမှာလည်း ထုတ်ပြန်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးက ခရီးသွားဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်က ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လုပ်ငန်းများနှင့် ပတ်သက်၍ (၃/၂၀၂၄)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြသည်။

၎င်းနောက် တက်ရောက်လာကြသူများက ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့် အခြေအနေများ၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြဆွေးနွေး အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# ပန်းခင်း(၃)စီမံချက်ဖြင့် အသက်(၁၈)နှစ်နှင့်အထက် နိုင်အမှတ်စိစစ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေး

**မန္တလေး စက်တင်ဘာ ၃**

ပန်းခင်း(၃)စီမံချက်ဖြင့် အသက်(၁၈)နှစ်နှင့် အထက် နိုင်အမှတ်စိစစ်ခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ကျေးရွာများအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ပုသိမ်ကြီးမြို့နယ်ရုံးမှ လဝကမှူး ဦးမျိုးဝင်းကြိုင်၊ လက်ထောက်လဝကမှူး ဦးချမ်းငြိမ်းဇော်တို့သည် ဆင်ရွာကြီး ကျေးရွာအုပ်စု၊ ဆုတောင်းပြည့်ဘုန်းတော်ကျောင်းမှာရုံ၌ ပန်းခင်း(၃)စီမံချက်ဖြင့် အသက်(၁၈)နှစ်နှင့်အထက် နိုင်အမှတ်စိစစ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခြင်းလုပ်ငန်းသို့ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ခရိုင်ဦးစီးမှူး (လဝက)ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုခဲ့သည်။

အဆိုပါ ပန်းခင်း(၃)စီမံချက်အရ အသက် ၁၈ နှစ်နှင့်အထက် မှတ်ပုံတင်ပြုလုပ်ပေးခြင်းကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



# အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ လူရွေးချယ်ပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၃**

နိုင်ငံတော်အတွက် အားထားရမည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ လူရွေးချယ်ပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။**(အပေါ်ပုံ)**

ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ လူရွေးချယ်ပွဲတွင် ဘောလုံးပွဲ၊ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ စသည့်ပြိုင်ပွဲများကို အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲ လူရွေးချယ်ပွဲကို စက်တင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ခရိုင်အဆင့်တွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

# မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**ပုသိမ်ကြီး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဦးဆောင်၍ အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းပြီး ဆက်သွယ်ရေး လိမ်လည်မှုတိုက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုပြသခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီက အ.ထ.က ပုသိမ်ကြီးရှိ အောင်ဇွာခန်းမဆောင်၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းအေးက အဖွင့်အမှာစကားပြောကြားပြီး၊ မြို့မရဲစခန်းမှ ဒုတိယရဲအုပ် သန်းသန်းနွယ်က လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ထားရှိမှု မှတ်တမ်းဗီဒီယိုများအား အခြေခံပညာကျောင်းများတွင် သက်ဆိုင်ရာများနှင့်ချိတ်ဆက်ပြီး ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး ဦးမျိုးဇော်ခိုင်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဆက်သွယ်ရေး လိမ်လည်မှုဆိုင်ရာ အသိပညာပေး ဗီဒီယိုများကို ပြသကာ ကျောင်းသား၊ ကျောင်းသူများ၏ ဆွေးနွေးမေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(ဝဇ၅)**

ဝ-ဝ-ဝ-ဝ-ဝ



## အမေရိကန်ဒယ်တာလေကြောင်းလိုင်း အစ္စရေးသို့ ပျံသန်းမှုပြန်လည်စတင်

**ဂျေရုဆလင် စက်တင်ဘာ ၃**

အမေရိကန် လေကြောင်းလိုင်းဖြစ်သည့် ဒယ်တာလေကြောင်းလိုင်းသည် အစ္စရေးသို့ ပြန်လည်ပျံသန်းပြေးဆွဲမှုများ စတင်ပြီဖြစ်သည်။ နယူးယောက် ဂျွန်အက်ဖ်ကနေဒီ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပျံတက်လာသည့် ဒယ်တာလေကြောင်းလိုင်းမှ လေယာဉ်သည် အစ္စရေးနိုင်ငံ တဲအဗစ်မြို့အနီးရှိ ဘင်ဂူရီယန်လေဆိပ်တွင် စက်တင်ဘာ ၂ ရက်က ဆင်းသက်ခဲ့သည်။

အစ္စရေးနှင့် အီရန်အကြား ၁၂ ရက်ကြာ ပဋိပက္ခဖြစ်ပွားမှုစတင်ပြီးနောက် ဇွန် ၁၃ ရက်မှစတင်ကာ ဒယ်တာလေကြောင်းလိုင်းသည် အစ္စရေးသို့လေယာဉ်ပြေးဆွဲမှုများကို ရပ်နားထားခဲ့သည်။ ဒယ်တာလေကြောင်းလိုင်းသည် ပြောင်းလဲလာသည့် လုံခြုံရေးပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် စောင့်ကြည့်နေပြီး လုံခြုံရေးဆိုင်ရာလမ်းညွှန်မှုများအပေါ် အခြေခံ၍ လုပ်ငန်းစဉ်များကို အကဲဖြတ်လျက်ရှိကြောင်း လေကြောင်းလိုင်းက သတင်းထုတ်ပြန်သည်။

ယူနိုက်တက် လေကြောင်းလိုင်းသည် ဇူလိုင်လအတွင်း အစ္စရေးသို့ လေယာဉ်ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်ပြီးနောက် ဒယ်တာလေကြောင်းလိုင်းသည် အစ္စရေးနိုင်ငံသို့ လေယာဉ်ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်သည့် ဒုတိယမြောက် အမေရိကန်လေကြောင်းလိုင်းဖြစ်လာသည်။

အမေရိကန်၏ နောက်ထပ် အဓိကလေကြောင်းလိုင်းတစ်ခုမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်းပဋိပက္ခဖြစ်ပွားသည့်အချိန်မှစတင်ကာ အစ္စရေးသို့လေယာဉ်ပြေးဆွဲမှုကို ရပ်နားထားကြောင်း၊ ပြန်လည်ပြေးဆွဲမည့် ရက်ကိုလည်း ကြေညာထားခြင်း မရှိသေးကြောင်း သိရသည်။ **ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ရှစ်လအတွင်း ဆန်တန်ချိန် ၅ ဒသမ ၉ သန်းနီးပါး တင်ပို့ပြီး ကန်ဒေါ်လာ ၃ ဘီလီယံကျော်ရရှိ

**ဟနွိုင်း စက်တင်ဘာ ၃**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အစပိုင်းမှ စတင်ကာ ဩဂုတ် ၁၅ ရက်အထိ အမေရိကန်ဒေါ်လာ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၅ ဒသမ ၉ သန်းနီးပါးကို တင်ပို့နိုင်ခဲ့ကြောင်း ဗီယက်နမ်စားနပ်ရိက္ခာအသင်း၏ အချက်အလက်များကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီက စက်တင်ဘာ ၃ ရက်တွင် ဖော်ပြထားသည်။

ပို့ကုန်ပမာဏသည် ယမန်နှစ်ကထက် ၂ ဒသမ ၈၈ ရာခိုင်နှုန်း မြင့်တက်လာသော်လည်း ပို့ကုန်တန်ဖိုးမှာ ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၆ ရာခိုင်နှုန်း ကျဆင်းလာကြောင်း သိရသည်။ ပြီးခဲ့သည့် သီတင်းပတ်တွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုဈေးနှုန်းသည် ရှစ်လအတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ်တွင် ဆန်တန်ချိန် ရှစ်သန်းကျော်အထိ တင်ပို့နိုင်မည်ဟု ဗီယက်နမ်စားနပ်ရိက္ခာအသင်းက မျှော်မှန်းထားကြောင်း ဗီယက်နမ် နေ့စဉ်သတင်းစာ Nhan Dan တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



## မူးယစ်ဆေးဝါး သယ်ဆောင်လာသည့် သင်္ဘောတစ်စင်းကို ကာရစ်ဘီယန်ပင်လယ်ထဲ၌ အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်

**ကရာကတ် စက်တင်ဘာ ၃**

အမေရိကန်တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂ ရက်တွင် ကာရစ်ဘီယန်ပင်လယ် တောင်ပိုင်း၌ မူးယစ်ဆေးဝါး သယ်ဆောင်လာသည့် သင်္ဘောတစ်စင်းကို စီးနင်းတိုက်ခိုက်ခဲ့ရာ မူးယစ်ဆေးဝါးရောင်းဝယ်သူ ၁၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ၏ ထိုအခြေအနေသည် ထရန်ဒီအရာဂွါဟုအမည်ရသော ဗင်နီဇွဲလား မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းအဖွဲ့ဝင်များကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း သမ္မတထရမ့်က ၎င်း၏လူမှုမီဒီယာတွင် ရေးသားခဲ့သည်။

အဆိုပါ သင်္ဘောသည် နိုင်ငံတကာ ရေပိုင်နက်တွင်ရှိပြီး အမေရိကန်သို့ တရားမဝင်မူးယစ်ဆေးဝါးများ ပို့ဆောင်နေကြောင်း ထရမ့်က စွပ်စွဲသည်။



မကြာသေးမီ သီတင်းပတ်များအတွင်း ထရမ့်အစိုးရအဖွဲ့က ဗင်နီဇွဲလားသမ္မတ နီကိုလက်စ် မာဒူရိုအပေါ် နိုင်ငံရေးဖိအားများ တိုးမြှင့်ခဲ့သည်။ မူးယစ်ဆေးဝါးရောင်းဝယ်မှုစွဲချက်ဖြင့် မာဒူရိုကို ဖမ်းဆီးနိုင်ရေး သတင်းပေးနိုင်ပါက ဆုငွေ ဒေါ်လာ သန်း ၅၀ (ပေါင် ၃၇ သန်း) ပေးမည်ဟုလည်း ကြေညာခဲ့ကြောင်း သိရသည်။

**Mon**

## ပြင်းအား ၅ ဒသမ ၂ ရှိသော နောက်ဆက်တွဲငလျင်တစ်ခု အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ထပ်မံလှုပ်ရှား



**ကဘူးလ် စက်တင်ဘာ ၃**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ပြင်းအား ၅ ဒသမ ၂ ရှိသော နောက်ဆက်တွဲငလျင်တစ်ခု ယမန်နေ့က ထပ်မံလှုပ်ရှားခဲ့ပြီး တာလီဘန်အစိုးရ၏ ပြောကြားချက်အရ ထိုဒေသတွင်ပင် နှစ်ရက်အကြာက ဖြစ်ပွားသည့် ပြင်းထန်သောငလျင်ကြောင့် လူပေါင်း ၁၄၀၀ ကျော် သေဆုံးပြီး ၃၀၀၀ ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကနဦး လှုပ်ခတ်ခဲ့သည့် ပြင်းအား ၆ ရှိသော ငလျင်အပြီး ကယ်ဆယ်ရေးလုပ်ငန်းများသည် မြေပြိုမှုများကြောင့် လမ်းများပိတ်ဆို့သွားခဲ့ရာ ကုန်းလမ်းခရီးသွားလာမှုကို ပိုမိုခက်ခဲစေခဲ့သည်။

အပျက်အစီးများအောက်တွင် ပိတ်မိနေသည်ဟု ယူဆရသော ဝေးလံခေါင်သီသည့် ကျေးရွာများရှိ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနိုင်ရန် ရဟတ်ယာဉ်များ စေလွှတ်ခဲ့သည်။

တာလီဘန်အစိုးရက နိုင်ငံတကာအကူအညီများအတွက် မေတ္တာရပ်ခံခဲ့ရာ ကုလသမဂ္ဂက အရေးပေါ်ရန်ပုံငွေများ ထုတ်ပေးခဲ့ပြီး ဗြိတိန်ကလည်း အကူအညီပေးရန် ပေါင် ၁ သန်း (ဒေါ်လာ ၁ ဒသမ ၃ သန်း) ပေးအပ်မည်ဟု ကတိပြုခဲ့သည်။

အာဖဂန်နစ္စတန်သည် ငလျင်လှုပ်လေ့ရှိသည့် နိုင်ငံဖြစ်သော်လည်း အဆိုပါငလျင်သည် မကြာသေးမီနှစ်များအတွင်း အပြင်းထန်ဆုံး လှုပ်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁၂ နာရီ ၂၉ မိနစ်က လှုပ်ရှားခဲ့သည့် နောက်ဆက်တွဲ ငလျင်မှာမူ နိုင်ငံ၏ ပဉ္စမအကြီးဆုံးမြို့ဖြစ်သည့် ဂျာလာလာဘတ်မြို့နှင့် ၃၄ ကီလိုမီတာ (၂၁ မိုင်) အကွာကို ဗဟိုပြုခဲ့ပြီး အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာန၏ အတည်ပြုချက်အရ ၁၀ ကီလိုမီတာသာနက်ပြီး အလွန်တိမ်ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းရှိ ဘန်ကူလူပြည်နယ်တွင် အခမဲ့ထမင်းစားပြီးနောက် ကျောင်းသား ၄၀၀ ခန့် အစာအဆိပ်သင့်

**ဂျကာတာ စက်တင်ဘာ ၃**

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း ဘန်ကူလူပြည်နယ်ရှိ ကျောင်းသား ၄၀၀ ခန့် ယမန်နေ့က အခမဲ့ကျောင်းထမင်းစားပြီးနောက် အစာအဆိပ်သင့်ခဲ့ရာ သမ္မတပရာဘိုဝိုဆူဘီယန်တို၏ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးများအတွက် ကျွေးမွေးသောအစားအစာအစီအစဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါဖြစ်ရပ်၏ အကြောင်းရင်းကို ဖော်ထုတ်နိုင်ရန်အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဘန်ကူလူပြည်နယ်၏ ဒုတိယအုပ်ချုပ်ရေးမှူး မီယန်က ရှင်းလင်းပြောကြားသည်။

"အားနည်းချက်တွေ ဘယ်မှာရှိလဲဆိုတာကို စုံစမ်းစစ်ဆေးနေချိန်မှာတော့ ဒီမီးဖိုချောင်ရဲ့ လုပ်ငန်းတွေကို ခေတ္တရပ်နားထားမယ်"ဟု မီယန်က ပြောကြားသည်။

အဆိုပါ မီးဖိုချောင်သည် မကြာသေးမီကမှ စတင်လည်ပတ်ခဲ့ခြင်းဖြစ်ပြီး ဝန်ထမ်းများအား အစားအသောက်စစ်ဆေးမှု ရလဒ်များကို စောင့်ဆိုင်းနေစဉ်တွင် ဝန်ဆောင်မှုများကို အကဲဖြတ်ရန် အဆိုပါအစီအစဉ်ကို လုပ်ဆောင်နေသည့် အမျိုးသားအာဟာရအေဂျင်စီ၏ အကြီးအကဲ ဒါဒန်ဟင်ဒါယာနာက တောင်းဆိုထားကြောင်း သိရသည်။ **Mon**



# KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကျိုက်မရောမြို့နယ် ကော့ပနော‌ကျေးရွာအနီး Drop Bomb ချ တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၃

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် ခရီးသွားပြည်သူများ ထိခိုက်စေရန် ရည်ရွယ်၍ လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ရေးနှင့်မသက်ဆိုင်သော အေးချမ်းစွာသွားလာလျက်ရှိသည့် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ KNU နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ကျိုက်မရောမြို့နယ်ကော့ပနောကျေးရွာလမ်းဆုံတွင်ရောက်ရှိနေသော ခရီးသည်တင်ယာဉ်တစ်စီးအား စက်တင်ဘာ ၂ ရက်တွင် Drop Bomb ချ တိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ခရီးသည်အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၁ ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန်အတွက် ကျိုက်မရောမြို့နယ်ကော့ပနောကျေးရွာအား စက်တင်ဘာ ၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် Drone အသုံးပြု၍ Drop Bomb ချတိုက်ခိုက်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ဗုံးသီးသည် ကျိုက်မရောမြို့မှ ကြာအင်းဆိပ်ကြီးသွားကားလမ်းပေါ်ရှိ ကော်ပနောလမ်းဆုံသို့ ရောက်ရှိနေသော ယာဉ်မောင်း ဦးလှရွှေ (၅၂) နှစ် (ဘ) ကော်စမတ်မောင်းနှင်သည့် Super Custom အမျိုးအစား ယာဉ်အမှတ်၊ 9H /...... အဖြူရောင်ခရီးသည်တင်ယာဉ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ယာဉ်မောင်းအပါအဝင် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ခရီးသည်အမျိုးသားကိုးဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၁ ဦးတို့တွင် ဗုံးစထိမှန်ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက ကျိုက်မရောမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ လိုအပ်သောဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်




KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ပနောကျေးရွာလမ်းဆုံ၌ ရောက်ရှိနေသည့် ခရီးသည်တင်ယာဉ်တစ်စီးအား Drop Bomb ချတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။



KNU နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာအနီး Drop Bomb ချ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို တွေ့ရစဉ်။

# ကျောက်ဆည်ခရိုင်၌ ငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလို သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၃

ကျောက်ဆည်ခရိုင်တွင် ငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၅ ရက် ည ၇ နာရီခွဲတွင် သတင်းအရ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အမှတ်(၃) ခရိုင်ချင်းဆက်လမ်း၌ ဉာဏ်လင်း မောင်းနှင်ပြီး လှခိုင်လိုက်ပါလာသော Toyota Liteace ယာဉ်၊ စံဝင်းလင်း မောင်းနှင်သည့် Izone ယာဉ်နှင့် ထက်အောင်ဇော် မောင်းနှင်သည့်ဆိုင်ကယ်တို့ကို စစ်ဆေးရှာဖွေရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ ဘိန်းဖြူ ၁၂၀ ဒသမ ၁၂ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၀၀၃ ဘီလီယံ)ကို သိမ်းဆည်းရမိခဲ့ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၁၁ နာရီခွဲတွင် ဘိန်းဖြူများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ဘုန်းမြင့်မြတ်ကို ပြင်ဦးလွင်မြို့နယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ



(ဝဲမှယာ) ဉာဏ်လင်း၊ လှခိုင်၊ ထက်အောင်ဇော်နှင့် ဘုန်းမြင့်မြတ်တို့အား သိမ်းဆည်းရမိ ဘိန်းဖြူ ၈၃ ဒသမ ၁၆ ကီလိုနှင့်အတူ တွေ့ရစဉ်။

ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ဘိန်းဖြူများကို တာဝန်ခံသယ်ဆောင်ခဲ့သူ စိုးဝေလွင် (ဖမ်းဆီးရန်ကျန်)နှင့် တင်မျိုးအောင် (ဖမ်းဆီးရန်ကျန်)တို့ ရှေ့ပြေးအဖြစ် ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် NISSAN AD VAN ယာဉ်အား မြစ်သားမြို့နယ် အမှတ်(၃) ခရိုင်ချင်းဆက်လမ်းတွင် လည်းကောင်း၊ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် ဘိန်းဖြူများအား မူဆယ်မှရွာငံမြို့နယ်သို့ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် စိုးဝေလွင် ပိုင်ဆိုင်သော Hino Profia ၁၂ ဘီးယာဉ်ကို ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက်တွင် လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိဘိန်းဖြူများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်မှ ရွာငံမြို့နယ်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်သို့ ယာဉ်များပြောင်းလဲ၍ သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




## ဇင်ချန်ကိုအား အငှားစာချုပ်ဖြင့် နော်တင်ဟမ်ဖောရက်စ်အသင်းခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၃**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အာဆင်နယ်အသင်း နောက်ခံကစားသမား ဇင်ချန်ကိုကို ရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် နော်တင်ဟမ်ဖောရက်စ်အသင်းတွင် ကျောနံပါတ်(၃၅)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဇင်ချန်ကိုသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၁ပွဲကစားပြီး ၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ်ဖောရက်စ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ကစားသမားသစ်များစွာ အင်အားဖြည့် ခေါ်ယူထားနိုင်မှုကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်ကောင်းများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**






## ဒွန်နာရမ်မာကို မန်စီးတီးအသင်း ခေါ်ယူ

**မန်ချက်စတာ စက်တင်ဘာ ၃**

မန်စီးတီးအသင်းသည် ပီအက်စ်ဂျီအသင်း ဂိုးသမား ဒွန်နာရမ်မာကို စတာလင်ပေါင် ၂၆သန်းဖြင့် ခေါ်ယူခဲ့သည်။ **(အပေါ်ပုံ)**

အသက်(၂၆)နှစ်အရွယ်ရှိ ဂိုးသမားသည် မန်စီးတီးအသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ဂိုးသမား ဒွန်နာရမ်မာသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၁ ပွဲ ကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ဒွန်နာရမ်မာအနေဖြင့် မန်စီးတီးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## ဝစ်ဆာ နယူးကာဆယ်အသင်းတွင် ကျောနံပါတ်(၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် စက်တင်ဘာ ၃**

တိုက်စစ်မှူး ဝစ်ဆာ နယူးကာဆယ်အသင်းတွင် ကျောနံပါတ်(၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘရန့်ဖို့ဒ်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၅သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။ **(အောက်ပုံ)**

တိုက်စစ်မှူး ဝစ်ဆာသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၉ပွဲကစားပြီး ၄၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူလာခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် နွေရာသီဈေးကွက်အတွင်းတွင် ကစားသမား ခုနစ်ဦးအထိ ခေါ်ယူအားဖြည့်နိုင်ခဲ့သည်။ **(NGB)**




## 2025 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Carlos Alcaraz တက်ရောက်

**နယူးယောက် စက်တင်ဘာ ၃**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။



အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်ကစားသမား Jiri Lehecka ကို ၆-၄၊ ၆-၂၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

2025 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## ပရီးမီးယားလိဂ် နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် စတာလင်ပေါင် ၃ ဘီလီယံကျော်အထိ စံချိန်တင်အသုံးပြုခဲ့

**လန်ဒန် စက်တင်ဘာ ၃**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲရာသီ၏ ယခုနှစ် နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် ကစားသမားခေါ်ယူမှုအတွက် စတာလင်ပေါင် ၃ဘီလီယံကျော်အထိ စံချိန်တင်အသုံးပြုခဲ့သည်။

နွေရာသီဈေးကွက်အတွင်းတွင် ပရီးမီးယားလိဂ်ကလပ်အသင်း ၂၀ သင်း၏ စုစုပေါင်းအသုံးစရိတ်သည် စတာလင်ပေါင် ၃ဒသမ ၀၈၇ ဘီလီလျံအထိ ရှိလာခဲ့ပြီး တခြား ဥရောပထိပ်တန်းလိဂ်လေးခုဖြစ်သည့် စပိန်လာလီဂါ၊ အီတလီစီးရီးအေ၊ ဘွန်ဒက်လီဂါ၊ ပြင်သစ်လီဂူးတို့ထက် စံချိန်တင်ကျော်လွန်ခဲ့သည်။

ထို့ပြင် ပရီးမီးယားလိဂ်၏ ယခုနှစ်နွေရာသီ အပြောင်းအရွှေ့အသုံးစရိတ်သည် ယမန်နှစ် အပြောင်းအရွှေ့အသုံးစရိတ်ထက် စတာလင်ပေါင် ၁ ဒသမ ၉၆ ဘီလီယံကျော်အထိ မြင့်မားနေခဲ့သည်။ **(အောက်ပုံ) (NGB)**




## ရာဘီယော့စ်အား သုံးနှစ်စာချုပ်ဖြင့် အေစီမီလန်အသင်းခေါ်ယူ

**မီလန် စက်တင်ဘာ ၃**

အေစီမီလန်အသင်းသည် မာဆေးလ်အသင်း ကွင်းလယ်ကစားသမား ရာဘီယော့စ်အား ယူရို ၁၀သန်းဖြင့် သုံးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(အောက်ပုံ)**



အဆိုပါ ကွင်းလယ်ကစားသမားသည် မာဆေးလ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂ပွဲကစားကာ ၁၀ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူလာခြင်းဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ရာဘီယော့စ်က "ကျွန်တော် အေစီမီလန်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကိုနွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲ-အုပ်စုအဆင့်ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ–ကျော့ရလဒ် |
|---|---|---|---|---|
| ၄-၉-၂၀၂၅ ကြာသပတေးနေ့ | ည ၈း၃၀နာရီ | J | ကာဇက်စတန် - ဝေးလ်စ် | ဝေးလ်စ် ၃-၁ ကာဇက်စတန် |
| ။ | ည ၁၀း၃၀နာရီ | E | ဂျော်ဂျီယာ - တူရကီ | —— |
| ။ | ။ | G | လစ်သူယေးနီးယား - မော်လ်တာ | မော်လ်တာ ၀-၀ လစ်သူယေးနီးယား |
| ၅-၉-၂၀၂၅ သောကြာနေ့ | နံနက် ၀၁း၁၅နာရီ | E | ဘူလ်ဂေးရီးယား - စပိန် | —— |
| ။ | ။ | J | လက်ချီစတိန်း - ဘယ်လ်ဂျီယံ | —— |
| ။ | ။ | A | လူဇင်ဘတ် - မြောက်အိုင်ယာလန် | —— |
| ။ | ။ | G | နယ်သာလန် - ပိုလန် | —— |
| ။ | ။ | A | ဆလိုဗက်ကီးယား - ဂျာမနီ | —— |

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်)ခြေစစ်ပွဲ(ပွဲစဉ်-၁၇)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံး ငါးပွဲရလဒ်) | ပ–ကျော့ရလဒ် |
|---|---|---|---|
| ၅-၉-၂၀၂၅ သောကြာနေ့ | နံနက် ၀၆း၀၀နာရီ | (၁)အာဂျင်တီးနား - ဗင်နီဇွဲလား(၇)<br>(W,W,W,W,D) (L,L,W,W,L) | ဗင်နီဇွဲလား ၁-၁ အာဂျင်တီးနား |
| ။ | ။ | (၆)ကိုလံဘီယာ - ဘိုလီးဘီးယား(၈)<br>(L,L,D,D,D) (D,L,D,L,W) | ဘိုလီးဘီးယား ၁-၀ ကိုလံဘီယာ |
| ။ | ။ | (၅)ပါရာဂွေး - အီကွေဒေါ(၂)<br>(D,W,D,W,L) (W,W,D,D,D) | အီကွေဒေါ ၀-၀ ပါရာဂွေး |
| ။ | ။ | (၄)ဥရုဂွေး - ပီရူး(၉)<br>(D,L,D,L,W) (L,W,L,D,D) | ပီရူး ၁-၀ ဥရုဂွေး |
| ။ | နံနက် ၀၇း၀၀နာရီ | (၃)ဘရာဇီး - ချီလီ(၁၀)<br>(D,W,L,D,W) (W,L,D,L,L) | ချီလီ ၁-၂ ဘရာဇီး |

### ထိုင်းဘုရင့်ဖလား ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၄-၉-၂၀၂၅ ကြာသပတေးနေ့ | ညနေ ၃း၃၀နာရီ | အီရတ် - ဟောင်ကောင်(တရုတ်) |
| ။ | ည ၇း၃၀နာရီ | ထိုင်း - ဖီဂျီ |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၄-၉-၂၀၂၅ ကြာသပတေးနေ့ | ည ၇း၃၀နာရီ | မလေးရှား - စင်ကာပူ |
| ။ | ည ၉း၃၀နာရီ | ဆော်ဒီအာရေဗျ - မြောက်မက်ဆီဒိုးနီးယား |
| ။ | ည ၁၀း၀၀နာရီ | ယူအေအီး - ဆီးရီးယား |
| ။ | ည ၁၀း၃၀နာရီ | ဂျီဘရော်လ်တာ - အယ်လ်ဘေးနီးယား |
| ။ | ။ | နော်ဝေ - ဖင်လန် |
| ။ | ည ၁၁း၃၀နာရီ | ရုရှား - ဂျော်ဒန် |

# မြို့တော်ဝန် ဦးကျော်ဆန်း ပြင်ဦးလွင်မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး







**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများလိုက်ပါကာ ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့သို့ သွားရောက်ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ နန္ဒာလမ်းနှင့် အစိုးရဧည့်ဂေဟာလမ်းဆုံ (ဂန္ဓမာမြိုင်ပန်းခြံ)အနီး သက်တမ်းရင့်အပင်ကြီးများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လုပ်သားအင်အား ၂၀ ဦး၊ သစ်ပင်ဖြတ်စက် သုံးလုံး၊ ကရိန်းကားတစ်စီး၊ အမှိုက်သိမ်းယာဉ် နှစ်စီးတို့ဖြင့် အပင်ကြီးများ၏ လမ်းမပေါ်အုပ်မိုးကျနေသည့် သစ်ကိုင်းများအား အလင်းဖွင့်ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က လစဉ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ကန်တော်လေးသို့ ရောက်ရှိကြပြီး (ပေ ၃၅၀ × ပေ ၁၀၀) မြေကွက်အကျယ် ဧရိယာတွင် အများပြည်သူအပန်းဖြေအနားယူနိုင်ရန်၊ အားကစားလေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်ရန်နှင့် နံနက်ခင်းကျန်းမာရေးဆောင်ရွက်ရန် ကွန်ကရစ်ကာရံကွင်း တည်ဆောက်ပြီးစီးမှု၊ မြက်ခင်း (Ground Cover)စိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်ပြီးစီးမှု၊ ကွန်ကရစ်လျှောက်လမ်းများ တည်ဆောက်ပြီးစီးမှုနှင့် အားကစားလေ့ကျင့်ရေးပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ ၂၀ ဝပ်မီးသီးများ တပ်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကန်တော်ကြီးအမျိုးသားလူထုအပန်းဖြေဥယျာဉ်ရှေ့ ကားရပ်နားရန် နေရာနှင့် စက်ဘီး၊ ဆိုင်ကယ်အပ်နှံရန် နေရာအကြား၌ (ပေ ၂၀ × ၃၆ ပေ)အကျယ် အဆင့်မြင့် အများပြည်သူသုံးသန့်စင်ခန်း စတင်တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် အများသုံးအဆင့်မြင့်သန့်စင်ခန်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် အဝင်လမ်းများအား ကွန်ကရစ်လမ်းပြုလုပ်ပေးရန်နှင့် ဘဲစားမြက်များဝဲ၊ ယာ၌ စိုက်ပျိုးပေးရန်တို့ကို ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အနီးစခန်း လေဆိပ်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် လေဆိပ်ရှေ့ဧရိယာတစ်လျှောက် (မန္တလေး-လားရှိုး)လမ်းမကြီးဘေးဝဲ၊ ယာတွင် ပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှုနှင့် လမ်းလယ်ကျွန်းများ၌ ရာသီပန်းအလှစိုက်ခင်းများ စတင်ပြုလုပ်ကာ ရောင်စုံပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ရေနံချောင်း စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ဒေသခံပြည်သူများ၏ ထင်းသုံးစွဲမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၂၅ ခုနှစ် ကျေးရွာသုံးထင်းစိုက်ခင်း ၁၀ ဧက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေး လမ်းဘေး သုံးဆယ်ခြောက်ကျေးရွာအုပ်စုတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များက စိုက်ပျိုးမည့် သစ်ပင်များကို ရေနံချောင်းတက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။ ထို့နောက် တက်ရောက်လာသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် သစ်တောသစ်ပင်ချစ်ခင်သူများက ယူကလစ်ပျိုးပင် ၃၀၀၀ကို ကျေးရွာသုံးထင်းစိုက်ခင်း ၁၀ ဧကတွင် စုပေါင်းစိုက်ပျိုးကြရာ သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် ၄၅ မိနစ်ခန့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*– *– *– *– * –*

## အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲ ကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေသည် စက်တင်ဘာ ၁ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျောင်းအုပ်ကြီးများနှင့် တရင်းတနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ပြီးနောက် ပညာရေးဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများက သိရှိလိုသည်များအား မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြသည်။

ဆက်လက်၍ ဆရာ၊ဆရာမများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ကံစမ်းမဲဖောက်၍ ပေးအပ်ခဲ့ပြီး ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ပညာရေးမှူး ဦးသိန်းဒန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ကျောင်းအုပ်ကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၉၅)**



## စက်ချုပ်နည်းပညာမွမ်းမံသင်တန်းနှင့် ချင်းရိုးရာလက်ရက်ကန်း မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ



**ကလေး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်ခဲ့သည့် စက်ချုပ်နည်းပညာမွမ်းမံသင်တန်းနှင့် ချင်းရိုးရာလက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာမွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ချမ်းမြေ့အောင်စည်ရပ်ကွက်၊ နယ်မြေ(၉)၊ မိုးလင်းရောင်စောန်းဘုရားကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ချိုက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထိုက်တန်က ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ၊ စီမံကိန်းလုပ်ငန်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းထူထောင်နိုင်ရန်လုပ်ငန်းသုံးပစ္စည်းများပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကလေးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များက စက်ချုပ်မွမ်းမံသင်တန်းအတွက် သင်တန်းသုံးပစ္စည်းများ၊ ရက်ကန်းမွမ်းမံသင်တန်းမှ ထွက်ရှိလာသည့် ကုန်ချောပစ္စည်းများ၊ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများထံပေးအပ်ခဲ့ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက စက်ချုပ်နည်းပညာ မွမ်းမံသင်တန်းနှင့် ချင်းရိုးရာလက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှု မွမ်းမံသင်တန်းမှထွက်ရှိသည့် ကုန်ချောပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

* — * — * — * — * — *




## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခရိုင်အဆင့်)ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မကွေး စက်တင်ဘာ ၃**

မြန်မာတိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှုဓလေ့စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပန်းဟောဝန်ခန်းမ၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲ အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲအား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မကွေး၊ မြို့သစ်၊ တောင်တွင်းနှင့် နတ်မောက်မြို့နယ်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား မကွေးခရိုင်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)



## အထက်တန်းအဆင့် စကားရည်လုပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**နမ့်စန် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မိုးရိပ်ရှမ်းတောင်လူမှုကူညီရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သော မိုးရိပ်ရှမ်းတောင်(၂)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စကားရည်လုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)တွင် ကျင်းပခဲ့သည်။

ပြိုင်ပွဲမစတင်မီ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာအောင်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အထက်တန်းအဆင့် စကားရည်လုပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း ခုနစ်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ပြိုင်ပွဲကို စနစ်တကျကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပခဲ့ပြီး စကားရည်လုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ညနေပိုင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲ ကျင်းပ

**သရက် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ရေပေါ်ကျွန်းကျေးရွာတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) (၁/၂၀၂၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ သရက်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူရက သင်တန်းဖွင့်လှစ်ရသည့် အကြောင်းရင်းနှင့် သင်တန်းဖွင့်ပွဲအကြောင်း ပြောကြားခဲ့သည်။

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) (၁/၂၀၂၅) သင်တန်းကို စက်တင်ဘာ ၁ရက်မှ ၂၆ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ယာပုံ)

ဇော်ထက်(သရက်)



## ပုသိမ်ကြီးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ သစ်ပင်လဲကျ၍ ရှင်းလင်းဖယ်ရှား

**မန္တလေး စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု ရေငုံစာသင်တိုက်တွင် စက်တင်ဘာ ၂ရက် နံနက် ၈နာရီ ၁၅ မိနစ်ခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျောင်းတိုက်အတွင်းရှိ သက်တမ်းရင့်မန်ကျည်းပင်အမြစ်မှလဲကျ၍ ရေငုံစေတီအပေါ် ပိမိနေကြောင်း သတင်းရရှိသဖြင့် ပုသိမ်ကြီးမြို့နယ် မီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် တစ်စီးဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူသွားရောက်၍ ရှင်းလင်းဖယ်ရှားခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝင့်)

## ပန်းခင်းစီမံချက် အဆင့်(၃) ကွင်းဆင်းဆောင်ရွက်



**မိုင်းပန် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ပန်းခင်းစီမံချက်အဆင့်(၃)ကို အရှေ့ရပ်ကွက် ရေဝန်းဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂ ရက် နံနက်ပိုင်းမှစ၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

(ဝဲပုံ)

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရုံးဝန်ထမ်းများက အရှေ့ရပ်ကွက်နေပြည်သူများအတွက် အိမ်ထောင်စုဇယားများနှင့် မှတ်ပုံတင်များပြန်လည်ပြုပြင်ပေးခြင်း၊ Biometric Data မကောက်ယူရသေးသူများအား ကောက်ယူ၍ UID များ ထုတ်ပေးနိုင်ရေးအတွက် အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

**Tik Tok မှာတွေ့တဲ့ ဆေးနည်းလေးတွေကို ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စာဖတ်သူများ ဒီဆေးနည်းလေးတွေကိုတွေ့ပြီး အနာနှင့် ဆေး တွေ့၍ ပျောက်ကင်းကြပါစေလို့ စေတနာ၊ မေတ္တာရှေ့ထားပြီး တစ်ဆင့်မျှဝေပေးလိုက်ပါတယ်။**



သခွားသီး

သခွားသီးကို အစားအစာအဖြစ်ရော၊ ရိုးရာဆေးအဖြစ်ပါ အသုံးပြုခဲ့ကြပါတယ်။ ရာသီဥတုပူတဲ့နိုင်ငံတွေမှာ သခွားသီးက ခန္ဓာကိုယ်မှာ ရေဓာတ်ဖြည့်ဖို့အတွက် မရှိမဖြစ်လိုအပ်ပါတယ်။

သခွားသီးက အာရုံကြောနဲ့သက်ဆိုင်တဲ့ရောဂါတွေကို ကာကွယ်ပေးပါတယ်။

သခွားသီးက ဦးနှောက်ကျန်းမာရေးအတွက် အလွန်အကျိုးပြုပါတယ်။ သခွားသီးမှာ ဖော့စဖောရပ်လည်းပါဝင်တာကြောင့် ဖော့စဖောရပ် ချို့တဲ့ခြင်းကြောင့်ဖြစ်တဲ့ ရောဂါတွေကို ကာကွယ်ပြီးသားလည်း ဖြစ်စေပါတယ်။ သခွားသီးကို မှန်မှန်စားပေးရင် ဦးနှောက်ဉာဏ်ရည်ထက်မြက်လာပါမယ်။

သခွားသီးမှာ ရေဓာတ်ပါဝင်တာကြောင့် အစားတွေအများကြီးမစားမိအောင် ထိန်းချုပ်ပေးပါတယ်။ သခွားသီးမှာ အဆီလည်းမပါဝင်ဘဲ ကယ်လိုရီလည်း နည်းနည်းပဲ ပါဝင်ပါတယ်။ ကိုယ်အလေးချိန်လျှော့လိုသူတွေ သခွားသီးကို စားသုံးသင့်ပါတယ်။

သခွားသီးမှာ Fisetin ဒြပ်ပေါင်းပါဝင်ပါတယ်။ Fisetin က အူမကြီးကင်ဆာ ဖြစ်နိုင်ခြေကို လျှော့ချပေးပါတယ်။

သခွားသီးမှာ အမျှင်ဓာတ်နဲ့ ရေဓာတ်ပါဝင်တာကြောင့် အစာချေဖျက်မှုကို အထောက်အကူဖြစ်စေပါတယ်။ ဒါကြောင့် နေ့စဉ်အစားအစာထဲမှာ သခွားသီးကို ထည့်သွင်းစားသုံးသင့်ပါတယ်။

သခွားသီးရဲ့ ၉၅ ရာခိုင်နှုန်းမှာ ရေဓာတ်ပါဝင်ပါတယ်။ ဒါကြောင့် သခွားသီးကို နေ့စဉ်စားပေးရင် ခန္ဓာကိုယ်မှာ ရေဓာတ်ဖြည့်ပြီးသားဖြစ်စေပါတယ်။

သခွားသီးမှာ ရေဓာတ်ပါဝင်တာကြောင့် အသားအရေအတွက်လည်း အကျိုးရှိပါတယ်။ ဗီတာမင်ဘီ၊ စီနဲ့ ဇင့်ဓာတ်က အသားအရေကို လှပစေတဲ့ အဓိက အာဟာရဓာတ်တွေပါပဲ။

သခွားသီးမှာပါဝင်တဲ့ Caffeic Acid က အသားအရေတွန့်ခြင်းကို ကာကွယ်ပေးပါတယ်။ ဒါကြောင့် အရေးအကြောင်းတွေ မဖြစ်စေဖို့ သခွားသီးကို စားသုံးပေးသင့်ပါတယ်။

သခွားသီးမှာပါဝင်တဲ့ ဗီတာမင်ဘီက ဦးရေပြားနဲ့ ဆံပင်ကျန်းမာရေးအတွက် အကျိုးရှိပါတယ်။ ဒ့ါအပြင် ဗီတာမင် B5၊ B6၊ ဗီတာမင်စီတို့က အရွယ်မတိုင်ခင် ဆံပင်ကျွတ်ခြင်းနဲ့ ဆံပင်ဖြူခြင်းတို့အတွက် ကာကွယ်ပြီး သားဖြစ်စေပါတယ်။

သခွားသီးမှာ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ဗီတာမင်ကေတို့ ပါဝင်ပါတယ်။ အဲ့ဒီအာဟာရသုံးမျိုးက နှလုံးသွေးကြောစနစ်အတွက် အရေးပါပါတယ်။ သခွားသီးက သွေးထဲက ကိုလက်စထရော Level ကိုလည်း ကျစေပါတယ်။

သုတေသနတွေအရ သခွားသီးဟာ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်ပါတယ်။ သခွားသီးမှာ Phenolic ဒြပ်ပေါင်းနဲ့ Caffeic Acid ပါဝင်လို့ပါ။

အရိုးတွေအတွက် လိုအပ်တဲ့ ဗီတာမင်ကေနဲ့ ကယ်လ်ဆီယမ်တွေဟာ သခွားသီးထဲမှာ ပါဝင်ပါတယ်။ ဗီတာမင်ကေက အရိုးကျိုးခြင်း၊ အက်ခြင်းကို နည်းသွားစေပါတယ်။ အရိုးထဲကို ကယ်လ်ဆီယမ်စုပ်ယူနိုင်ဖို့အတွက် ဗီတာမင်ကေက အရေးပါပါတယ်။

သခွားသီးက အဆိပ်အတောက်တွေကို ဖယ်ရှားပေးနိုင်တဲ့ သဘာဝအသီးအနှံဖြစ်ပါတယ်။ သခွားသီးကို ပုံမှန်စားတဲ့အခါ အသည်းနဲ့ အူထဲက အဆိပ်တွေ ကင်းသွားပြီး ကျန်းမာရေးကို ပိုကောင်းမွန်စေပါတယ်။

သခွားသီးမှာ ဖလိုရိုက် ပါဝင်တာကြောင့် သွားပိုးစားခြင်းကို သက်သာစေပါတယ်။ သခွားသီးမှာပါဝင်တဲ့ ကယ်လ်ဆီယမ်က သွားတွေကို ခိုင်မာစေပါတယ်။

ခန္ဓာကိုယ်မှာ ဟော်မုန်းတွေညီမျှဖို့အတွက် ဖော့စဖောရပ်က အဓိက အာဟာရဓာတ်ပါပဲ။ သခွားသီးမှာ ဖော့စဖောရပ် ၄ ရာခိုင်နှုန်းခန့် ပါဝင်တာကြောင့် အရွယ်ရောက်ပြီးသူတွေက သခွားသီးကို နေ့စဉ်စားပေးသင့်ပါတယ်။



စတော်ဘယ်ရီ

စတော်ဘယ်ရီသီးတွင် ဗီတာမင်စီ ကြွယ်ဝစွာ ပါဝင်ပါတယ်။ ဗီတာမင်စီဟာ ခန္ဓာကိုယ်ရဲ့ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးပြီး ရောဂါပိုးမွှားဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်ပါတယ်။

စတော်ဘယ်ရီသီးတွင် Anthocyanins နှင့် Flavonoids ကဲ့သို့သော Antioxidants များ ကြွယ်ဝစွာ ပါဝင်ပါတယ်။ ဒီဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက သွေးကြောတွေကို ကျယ်စေပြီး သွေးဖိအားကို လျှော့ချပေးကာ နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို လျော့ကျစေပါတယ်။

စတော်ဘယ်ရီသီးတွင် အမျှင်ဓာတ်များစွာ ပါဝင်တာကြောင့် သွေးတွင်းသကြားဓာတ် ရုတ်တရက်မြင့်တက်မှုကို ကာကွယ်ပေးပါတယ်။ ဆီးချိုရောဂါရှိသူများ စားသုံးပေးသင့်ပါတယ်။

စတော်ဘယ်ရီသီးမှာပါတဲ့ Antioxidants တွေက ဦးနှောက်ဆဲလ်တွေကို ဓာတ်တိုးဖိစီးမှုကနေ ကာကွယ်ပေးပြီး မှတ်ဉာဏ်စွမ်းရည်ကောင်းမွန်စေကာ အသက်အရွယ်ကြောင့် ဉာဏ်ရည်ကျဆင်းမှုကိုပါ နှေးကွေးစေနိုင်ပါတယ်။

စတော်ဘယ်ရီသီးမှာ ဗီတာမင်စီ ပါဝင်တာကြောင့် ကော်လဂျင်ထုတ်လုပ်မှုအတွက် အရေးပါပါတယ်။ ကော်လဂျင်ဟာ အရေပြားကို တင်းရင်းလှပစေပြီး အရေးအကြောင်းများဖြစ်ပေါ်မှုကို နှေးကွေးစေပါတယ်။ နေရောင်ခြည်ဒဏ်ကြောင့် အရေပြားပျက်စီးမှုကိုလည်း ကာကွယ်ပေးပါတယ်။

စတော်ဘယ်ရီသီးတွင် ပါဝင်သော Ellagic Acid နှင့် အခြား Antioxidants များဟာ ကင်ဆာဆဲလ်များ ကြီးထွားမှုကို ဟန့်တားပေးပြီး ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေကို လျော့ကျစေနိုင်ကြောင်း လေ့လာချက်များအရ သိရပါတယ်။

စတော်ဘယ်ရီသီးမှာပါတဲ့ ဗီတာမင်စီနဲ့ Antioxidants တွေက မျက်လုံးကို ဓာတ်တိုးဖိစီးမှုကနေ ကာကွယ်ပေးပြီး ရေတိမ်၊ အတွင်းတိမ်စတဲ့ မျက်စိရောဂါတွေမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

စတော်ဘယ်ရီသီးဟာ ကယ်လိုရီပါဝင်မှုနည်းပြီး အမျှင်ဓာတ်ကြွယ်ဝသောကြောင့် ဗိုက်ပြည့်စေကာ အစာစားချင်စိတ်ကို ထိန်းချုပ်ပေးနိုင်ပါတယ်။ ဒါကြောင့် ကိုယ်အလေးချိန်ထိန်းသိမ်းလိုသူများအတွက် သင့်တော်တဲ့ အသီးဖြစ်ပါတယ်။

စတော်ဘယ်ရီသီးတွင် Quercetin ကဲ့သို့သော ပစ္စည်းများပါဝင်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရောင်ရမ်းမှုတွေကို လျှော့ပါးသက်သာစေနိုင်ပါတယ်။ အဆစ်အမြစ်ရောင်ရမ်းနာကျင်မှုကိုပါ သက်သာစေနိုင်ပါတယ်။

စတော်ဘယ်ရီသီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်သောကြောင့် အစာခြေလမ်းကြောင်းအတွင်း လှုပ်ရှားမှုကို ပုံမှန်ဖြစ်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးကာ အူမကြီးကျန်းမာရေးကို အထောက်အကူပြုပါတယ်။

သတိပြုရန်

စတော်ဘယ်ရီသီးစိုက်ပျိုးရာတွင် ပိုးသတ်ဆေးများသုံးစွဲတတ်သောကြောင့် စားသုံးသည့်အခါ ရေကိုအထပ်ထပ် သေချာစွာဆေးကြောသန့်စင်ပြီးမှ စားသုံးသင့်ပါတယ်။



စမုန်စပါး

စမုန်စပါး ၁၅ စေ့လောက်ကို ဖန်ခွက်ထဲတွင် ထည့်ပြီး တစ်ညလုံးရေစိမ်ထားပါ။ နံနက် အိပ်ရာထသည်နှင့် ၄င်းစိမ်ရည်အား သောက်ပေးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း အပူများနေသူများ၊ ခံတွင်းနံ့ဆိုးနေသူများ သက်သာပျောက်ကင်းစေပါတယ်။

စမုန်စပါးစိမ်ရည်ကို သဘာဝဆေးဖက်ဝင်အဖြစ်အသုံးပြုကြပြီး အစာခြေစနစ်ကို ကောင်းမွန်စေခြင်း၊ ဝမ်းမှန်စေခြင်း၊ ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်း စသည့် ကောင်းကျိုးများကို ရရှိမှာဖြစ်ပါတယ်။

စမုန်စပါးစိမ်ရည်ကို အလွန်အကျွံသောက်သုံးမိပါက ဝမ်းလျှောခြင်း၊ တချို့သူများတွင် ဓာတ်မတည့်ခြင်း၊ သွေးတွင်းသကြားဓာတ်ကျဆင်းခြင်း၊ သွေးပေါင်ကျခြင်း စသည့် ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်စေနိုင်ပါတယ်။

စမုန်စပါးစိမ်ရည်ကို သင့်တင့်မျှတစွာ သောက်သုံးပါ။

သတိပြုရန်

ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ နာတာရှည်ရောဂါရှိသူများနှင့် ဆေးဝါးသောက်သုံးနေသူများအနေဖြင့် ဆရာဝန်နှင့် တိုင်ပင်ပြီးမှ သောက်သုံးသင့်ပါတယ်။



ကန်စွန်းရိုးနီ

ကန်စွန်းရိုးနီမှာ အစာချေဖျက်ခြင်းစနစ်ကို အားကောင်းစေတဲ့ အမျှင်ဓာတ်၊ သံဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်စီ စတဲ့အာဟာရဓာတ်တွေ ပါဝင်ပြီး ကျန်းမာရေးအတွက် ကန်စွန်းရိုးနီရဲ့ အကျိုးပြုပုံတွေကို ဖော်ပြပေးလိုက်ပါတယ်။

**အသည်းကျန်းမာရေးပြဿနာတွေကို သက်သာစေနိုင်တယ်**

ကန်စွန်းရိုးနီကို အာယုဗေဒဆေးပညာတွင် အသားဝါရောဂါနဲ့ အသည်းကျန်းမာရေးပြဿနာတွေဖြစ်ပေါ်တဲ့အခါ အသုံးပြုကုသလေ့ရှိကြပါတယ်။ အစားအစာတွေမှာပါဝင်တဲ့ ဓာတုပစ္စည်းတွေနဲ့ အရက်အလွန်အကျွံသောက်သုံးခြင်းကြောင့် ဖြစ်ပေါ်တဲ့ အသည်းရောဂါတွေကို ကန်စွန်းရိုးနီပြုတ်ရည်နဲ့ ကန်စွန်းရိုးနီကိုစားသုံးပေးခြင်းဖြင့် သက်သာစေနိုင်တယ်လို့ အာယုဗေဒဆေးပညာကျမ်းတွေမှာ ဖော်ပြထားပါတယ်။

**သွေးအားနည်းခြင်းကို သက်သာပျောက်ကင်းစေနိုင်တယ်**

ကန်စွန်းရိုးနီမှာ သံဓာတ်ကြွယ်ဝစွာ ပါဝင်တာကြောင့် အမျိုးသမီးတွေမှာ ဖြစ်လေ့ရှိတဲ့ သွေးအားနည်းရောဂါနဲ့ ကိုယ်ဝန်ဆောင်စဉ်ဖြစ်ပေါ်တဲ့ ကိုယ်ဝန်ဆောင်သွေးအားနည်းရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင်ပါတယ်။

**အမြင်အာရုံကို ကောင်းမွန်စေတယ်**

ကန်စွန်းရိုးနီမှာ ဗီတာမင်အေ Lutein နဲ့ Carotenoid တို့ မြင့်မားစွာပါဝင်တာကြောင့် အသက်အရွယ်ကြောင့် အမြင်အာရုံ လျော့နည်းလာခြင်းနဲ့ မျက်စိမှုန်ခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်ပြီး မျက်လုံးကျန်းမာရေးပြဿနာများ မဖြစ်ပေါ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

**နှလုံးကျန်းမာရေးပြဿနာတွေကို လျော့နည်းစေနိုင်တယ်**

ကန်စွန်းရိုးနီမှာ ဗီတာမင်အေ၊ ဗီတာမင်စီနဲ့ ဘီတာကယ်ရိုတင်တို့ ပါဝင်တဲ့အတွက် ခန္ဓာကိုယ်တွင်း ကိုလက်စထရော မြင့်မားမှုကြောင့် နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးအဆီဖုံးခြင်း၊ ရုတ်တရက် နှလုံးရပ်တန့်ခြင်းနဲ့ လေဖြတ်ခြင်းတို့ကို လျော့နည်းစေနိုင်ပါတယ်။

**ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေတယ်**

ကန်စွန်းရိုးနီမှာ ပါဝင်တဲ့ ဗီတာမင်စီဓာတ်ဟာ ခန္ဓာကိုယ်ခုခံအားစနစ်ကို ကောင်းမွန်စေပြီး ကိုယ်တွင်းအဆိပ်အတောက်တွေကို လျှော့ချပေးနိုင်တာကြောင့် ကူးစက်ရောဂါနဲ့ အအေးမိ၊ ဖျားနာခြင်းတွေကို ကာကွယ်ပေးနိုင်ပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား – Tik Tok

ပတ်စရာ၊ မှတ်စရာ
စုံလင်
ယုန်ကလေး

# စာအုပ်စင်ကလေး

## ဖော်ညွှန်းသီ

စာအုပ်အမည် - ဝေဖန်ရေးနှင့်ကျွန်တော်
စာရေးသူ - မောင်သာနိုး
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၂၅၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ
မျက်နှာဖုံးဒီဇိုင်း - စန်းဦး
စာမျက်နှာ - ၂၀၁ မျက်နှာ

စာနယ်ဇင်းများတွင်ပါရှိသော ဆောင်းပါး ၂၇ ပုဒ်ကို စုစည်းထားပြီး ဆောင်းပါးများမှာ ဝေဖန်ရေးနဲ့ကျွန်တော်၊ မလင်းပြာနဲ့ကျွန်တော်၊ တတ်ယောင်ကားများနဲ့ကျွန်တော်၊ ခြေခြေမြစ်မြစ်မြင်တတ်ရတယ်၊ စာဖတ်တယ်ဆိုပေမယ့်၊ အတွေးခေါင်သူများ၊ ပရိသတ်ဆီက စာတစ်စောင်၊ စာရေးပြီး အသက်မွေးဖို့၊ သမိုင်းဝတ္ထုရေးဆရာရဲ့ဩဇာ၊ ဘာကြောင့် ရှေးထုံးကို မပယ်ရသလဲ၊ ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်၊ ရှေးထုံးတစ်ခုတည်းနဲ့တော့မရ၊ ရှေးဆရာတို့အလို၊ ရှေးက အလွဲသုံးစားအရေးအသား၊ ရှင်နှောင်းနဲ့ ဓာတုကလျာ၊ ထီးလှိုင်ရှင်ရဲ့ ကျေးဇူးရှင် ရှေးမြန်မာ တေးသီချင်းရဲ့ဝါဒ၊ ပျူစကားရဲ့ဝါကျဖွဲ့ထုံး၊ မာဃဒေဝနှင့်၊ အလောင်းတော်ကဿပမှာ ကဗျာ၊ စာအုပ်ဆိုင်တွေ၊ ကျောင်းပညာရတနာအိုး၊ ဒေးလ်ကာနက်ဂျီရဲ့သားတပည့်များ၊ ချင်းစိမ်းရဲ့ရင်းမြစ်မူလသမိုင်း၊ အီးမေးလ်ရေးပုံရေးနည်း၊ ဆေးလိပ်သောက်တဲ့ မယဉ်ကျေးမှု၊ ဆေးလိပ်ကြောင့် ဘဝ အဖိုးတန်အလုပ်တွေ ဆုံးရှုံးရခြင်းတို့ ဖြစ်သည်။




"ကျွန်တော်တို့ဟာ ကိုယ့်အမွေအနှစ်၊ ကိုယ့်ရင်းမြစ်ကို သိရမယ်၊ ဒါကြောင့် ရှေးဟောင်းယဉ်ကျေးမှု၊ စာပေ၊ ကဗျာ၊ ကာရန်တို့ကို နောကျေနေအောင် အားထုတ်ရတယ်။ ရှင်မဟာရဋ္ဌသာရ၊ နတ်ရှင်နောင်၊ ပဒေသရာဇာ၊ မြို့မငြိမ်းတို့ကို လေ့လာရမယ်။ တစ်ချိန်တည်းမှာ ကမ္ဘာကို ရင်ပေါင်တန်းနိုင်ဖို့ဆိုရင်၊ ကမ္ဘာ့အားကစား ကမ္ဘာ့ဂီတတို့ကို လိုက်စားခေတ်မီရသလို၊ ကမ္ဘာ့ကဗျာတို့နဲ့လည်း ရင်းနှီးကျွမ်းဝင်ရှိကြရမယ်၊ လူများတကာတွေ ဝတ္ထုရေး၊ ကဗျာရေးသလို ကျွန်တော်တို့ ရေးနိုင်ကြရမယ်" **(ခေတ်မီမီကမ္ဘာကြည့်ကြည့်မြင် ဆောင်းပါးမှ)**

စာရေးနည်း၊ စာဖတ်နည်းများ လေ့လာအတုယူရမည့်စာအုပ်ဖြစ်ရာ စိတ်ကူးချိုချို(မန္တလေး) စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

---

စာအုပ်အမည် - ရုပ်ပုံလွှာခြယ်သခြင်း။
ဝတ္ထုဖွင့်ဆိုချက်နှင့် အနုပညာခံစားမှု
စာရေးသူ - ဒဂုန်တာရာ
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၈၀၀၀ ကျပ်
ထုတ်ဝေသည့် ကာလ - ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ
မျက်နှာဖုံးဒီဇိုင်း - ဘငွေကြည်
စာမျက်နှာ - ၃၀၆ မျက်နှာ

မဂ္ဂဇင်းများတွင် ပါရှိသော ဆောင်းပါးများကိုစုစည်းထားပြီး "ရုပ်ပုံလွှာခြယ်သခြင်း" ခေါင်းစဉ်အောက်တွင် ဆောင်းပါး ကိုးပုဒ်၊ "ဝတ္ထုဖွင့်ဆိုချက်" ခေါင်းစဉ်အောက်တွင် ဆောင်းပါး ၂၃ ပုဒ်နှင့် "အနုပညာခံစားမှု" ခေါင်းစဉ်အောက်တွင် ဆောင်းပါး ၁၅ ပုဒ်တို့ ဖြစ်သည်။

"ကျွန်တော်သည် ပန်းချီဆရာမဟုတ်၊ သို့သော် စုတ်တံဖြင့် ပန်းချီကားပေါ်တွင် ခြယ်ရေးသော ပန်းချီကိုကား ဝါသနာပါသည်။ ကျွန်တော်များများရေးသည်ကတော့ တောတောင်၊ ပန်းပွင့် စသော တောဘွဲ့၊ တောင်ဘွဲ့၊ ပန်းဘွဲ့ဖြစ်သည်။ သို့သော် ပုံတူပန်းချီကား(ဝါ)ရုပ်ပုံလွှာလည်း ကျွန်တော် ခြယ်ရေးချင်သည်"

**(ရုပ်ပုံလွှာခြယ်သခြင်း-၁မှ)**




ဤစာအုပ်သည် ရုပ်ပုံလွှာများနှင့်ပတ်သက်၍ အဖွဲ့အနွဲ့များ၊ ခြယ်သပုံ၊ သမိုင်းနှင့် အတ္ထုပ္ပတ္တိနောက်ခံကိုလည်းကောင်း၊ ဝတ္ထုတိုများနှင့် ဒဿန၊ စာဖတ်ပရိသတ်၏စံ၊ စကားပြေနှင့် ဝတ္ထုရှည်၏သဘောတရားများကိုလည်းကောင်း၊ ကဗျာ၊ ခရီးသွားမှတ်တမ်းအဖွဲ့အနွဲ့၊ ဂီတနှင့် ရုပ်ရှင် စသည့် အနုပညာတို့အပေါ် လူ့အဖွဲ့အစည်း၏ခံစားမှု၊ ဗဟုသုတနှင့် အလှဗေဒဆိုင်ရာစာများ ဖတ်ရှုရမည့်စာအုပ်ကောင်းဖြစ်ရာ စိတ်ကူးချိုချို (မန္တလေး) စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

---

## ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား စက်တင်ဘာ ၃**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လှည့်လည်ငှားရမ်းပေးလျက်ရှိရာ စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒက္ခိဏသီရိမြို့နယ်၊ မဲဒီး ကျေးရွာတို့သို့ သွားရောက်ငှားရမ်းပေးကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသ စာအုပ်မျိုးစုံ(၂၂၀၀)ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တပတ် တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။



ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ စာဖတ်သူများလက်ဝယ်အရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း သုတ၊ ရသစာအုပ်များကို မည်သူမဆို အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(အောက်ဝဲပုံ)
မြို့နယ်(ပြန်/ဆက်)

---

## အညာသူပါး၊ သနပ်ခါးနှင့်

* ချစ်တဲ့သူငယ်လေ သူငယ်ချင်းကောင်း
ယောင်းမတို့ရေ • • •
* မယ်တို့အညာ၊ ပြည်မြန်မာက
ရှုကာမဝ၊ ညိုမြမြနှင့်
ယဉ်လှမေပျို့ စက်စက်ယိုရှင့် ။
* အညာတခွင်၊ ပျိုမေရှင်တို့
မြင်လျှင်ထူးခြား၊ မှတ်အသားမှာ
သနပ်ခါးနှင့်၊ ပါးကွက်ကြားပါရှင်။
* လက်ဆင့်ကမ်းလာ၊ နှစ်ထောင်ရာက
မြန်မာ့ရိုးရာ၊ စဉ်အလာမို့
မကွယ်ပအောင် ထိန်းရမယ်
တကယ်လှအောင် လိမ်းကြတယ်ရှင်။
* ပါးကွက်ထူထူ၊ မနော်ဖြူ
အညာသူတို့ ရိုးလှတယ်
ပဝါကူလို့ တစ်မျိုးလှတယ်ရှင်။
* သနပ်ခါးကူ နေပူပူ
အသားဖြူလို့ အေးမြတယ်
နံ့ပါးလှူလည်း မွှေးလှတယ်ရှင်။
* ဝါညက်ညက်ဖြူ အပွေးထူ
အညာသူတို့ ကြိုက်ကြတယ်
အခါယူလို့ စိုက်ရတယ်ရှင်။
* အညာလက်ဆောင်၊ ရှင်မတောင်
ဂုဏ်ရောင်သင်းတဲ့ ရေစကြို
ပြိုင်ဘက်ကင်းတဲ့ ပြည်ရွှေဘိုရှင်။
* မယ်တို့အညာ၊ ပြည်မြန်မာက
ကညာမေပျို့ စက်စက်ယိုကို
ရွှေဘိုသနပ်ခါး၊ လိမ်း၍များသော
ဇမ္ဗူမှာ ဝံ့ကြွား လိုက်ချင်ရဲ့လေး ။ ။

**ဦးခေ**





## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**တောင်တွင်းကြီး စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား လက်ဝယ်အရောက်ဖြန့်ဝေခဲ့သည်။

တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူကလေးသူငယ်များအနေဖြင့် သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ရန်၊ ဖြစ်ပွားနေစဉ်ဆောင်ရွက်ရန်နှင့် ဖြစ်ပွားပြီးချိန်၌ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်ရည်ရွယ်၍ တောင်တွင်းကြီးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြသည်။

ထိုသို့ ဖြန့်ဝေဆောင်ရွက်ရာတွင် မုန်တိုင်းဘေး၊ လေပြင်းဘေး၊ ရေဘေး၊ မြေပြိုဘေး၊ မိုးကြိုးဘေးစသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ပါဝင်ကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင်(ဗိသုနိုးမြေ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ




## တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သာယာကုန်းကျေးရွာ ယာဉ်ရပ်နားဝင်းအနီး၌ ယာဉ်ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂မျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၀ မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Canter Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် လေးတွဲကိုလည်းကောင်း၊ ဘားအံမြို့နယ် ခရဲကမ်းနားကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြို့သစ်မြို့နယ်နှင့် ငဖဲမြို့နယ်တို့၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းလေးလုံးနှင့် ငွေစက္ကူရောရာ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၆၀၀၀ ကို လောင်းကစားဥပဒေအရလည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် မင်းဘူးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီးကို ပို့ကုန်၊သွင်းကုန် ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား အရေးယူ

**ရွှေဘို စက်တင်ဘာ ၃**

ဩဂုတ် ၃၁ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ရွှေဘိုမြို့၊ အမှတ်(၁၀)ရပ်ကွက်နေ ရင်ရင်ခိုင်(ခ)ဘူလုံး (၂၀)နှစ်ဆိုသူနှင့် နမောကျေးရွာနေ ထွန်းထွန်းအောင်(၃၂)နှစ်ဆိုသူတို့အားလည်းကောင်း၊ အလားတူ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်နေ အောင်မြင့်ဦး (၆၂)နှစ်ဆိုသူအားလည်းကောင်း၊ အလားတူ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ဘီးလင်းမြို့၊ ဗိုလ်တေဇရပ်ကွက်နေ ဝါဆိုလင်း(၁၉)နှစ်ဆိုသူအားလည်းကောင်း၊ အလားတူ ပေါင်မြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများဖြစ်ကြသည့် ပေါင်မြို့၊ ပေါင်းရပ်ကွက်နေ ထက်အောင်ဖြိုး(၂၈)နှစ်ဆိုသူ၊ ပေါင်မြို့နယ်၊ ကတွန်းကျေးရွာနေ ဇော်မင်းစိုး(၄၄)နှစ်ဆိုသူနှင့် သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ ကျိုက္ကော်ရပ်ကွက်နေ ဇင်ဘိုထွေး(ခ)ဂျလာ(၃၆)နှစ်ဆိုသူတို့အားလည်းကောင်း၊ အလားတူ သထုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများဖြစ်ကြသည့် သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်နေ ကျော်ခိုင်ဦး(၂၇)နှစ်ဆိုသူ၊ သထုံမြို့နယ်၊ ပေါ်တော်မူကျေးရွာနေ ကျော်သူအောင်(၃၉)နှစ်ဆိုသူနှင့် ကြာဘန်းကျေးရွာနေ မြင့်ထွန်းနိုင်(ခ)မုန်တိုင်း(၅၀)နှစ်ဆိုသူတို့အားလည်းကောင်း။

ထို့အတူ သံဖြူဇရပ်မြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒါတ်ကျေးရွာနေသူများဖြစ်ကြသည့် အာကာ(၂၀)နှစ်ဆိုသူနှင့် ထွန်းလှိုင်(၄၅)ဆိုသူနှစ်တို့အားလည်းကာင်း၊ အလားတူ မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ မော်လမြိုင်မြို့၊ ညောင်ပင်ဆိပ်ရပ်ကွက်နေ အောင်ကို(၂၄)နှစ်ဆိုသူအားလည်းကောင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ထွန်းထွန်းအောင်ပါ ၁၃ ဦးအား သက်ဆိုင်ရာရဲစခန်းများ၌ ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၈ ဖြင့် အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**တာချီလိတ် စက်တင်ဘာ ၃**

ဩဂုတ် ၂၇ ရက်က ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တို့၌ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ရန်အောင်မြေရပ်ကွက်၊ နောင်ခမ်းအောင်ဆုပန်ဘုန်းကြီးကျောင်းလမ်းနေ ဇော်မင်းထွန်း(ခ)ကိုဇော်(၄၅)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်းသတင်းအရ ဟောင်လိတ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ဇော်မင်းထွန်း(ခ)ကိုဇော်ဆိုသူအား နေအိမ်ဧည့်ခန်းအတွင်း၌ တွေ့ရှိပြီး ကောင်တာအောက်ရှိ ကော်ခြင်းအတွင်းမှ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဇော်မင်းထွန်း(ခ)ကိုဇော်ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းတွင် လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၃နာရီ မိနစ် ၅၀တွင် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ကွက်သစ်ရပ်ကွက်နေ ဒေါ်စန်း(၅၀)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားဒိုင်အဖြစ် ပြုလုပ်နေကြောင်း သတင်းအရ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ဒေါ်စန်းဆိုသူအား အိမ်ရှေ့အဖီအောက်ရှိ ဆက်တီခုံပေါ်တွင် နှစ်လုံးထီဂဏန်းနှင့် ငွေတန်ဖိုးများ ရေးသားထားသော ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေစက္ကူရောရာ ငွေကျပ် ၁၂၇၀၀၀၀၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်စန်းဆိုသူအား မြို့သစ်မြို့မရဲစခန်းတွင် လောင်းကစားဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

သင့်အသက်အန္တရာယ် ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး
မေးသိုင်းကြိုး သေချာစွာ တပ်ပါ။

# ဆင်ခြင်၍. . . ဆင်ခြင်၍ သတိဖြင့် နှုတ်ဆက်နိုင်ကြပါစေ

**'သတိပဋ္ဌာန် တရားအားထုတ်တာဟာ ငြိမ်းချမ်းတဲ့ ကိုယ်စီကမ္ဘာလေးတွေ တည်ဆောက်နေကြတာပါပဲ။ ကိုယ့်ကမ္ဘာလေးမှ မငြိမ်းချမ်းဘဲ ကမ္ဘာကြီးငြိမ်းချမ်းဖို့ လက်သီးလက်မောင်းတန်း ကြွေးကြော်နေတာဟာ စဉ်းစားစရာပါပဲ'**လို့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကြီး အရှင်ပဏ္ဍိတာဘိဝံသက ဩဝါဒပေးခဲ့ပါတယ်။ လူသားတိုင်း၏ရင်တွင်းမှာ အရှုတဥယျာဉ်ကလေး ရှိပါတယ်။ အဲ့ဒီဥယျာဉ်ကလေးကို သန့်ရှင်းငြိမ်းချမ်းအောင် ပြုစုစောင့်ရှောက်ဖို့ကလည်း လူတိုင်းရဲ့ တာဝန်ပါ။ အတွင်းသန္တာန် ငြိမ်းချမ်းမှသာ ဘဝတစ်လျှောက်လုံးလည်း ငြိမ်းချမ်းရမှာပါ။ အတွင်းသန္တာန်မှာ လောဘ၊ ဒေါသများနဲ့ ပူလောင်နေရင် ဘဝကြီးတစ်ခုလုံးဟာလည်း ပူလောင်ဆူပွက်နေမှာပါ။ **အတွင်းအရှုတ္တ နှလုံးသားမှာ၊ အရှုတ္တဥယျာဉ်ကလေးမှာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ရနံ့လေးများနဲ့ သင်းပျံ့နေမှသာ ဘဝလည်း ကြည်လင်အေးမြ မွှေးပျံ့နေမှာပါ။ ဒါဟာ လူတိုင်း သတိပြုရမယ့်အချက်ပါ။** ဆရာတော်ကြီးရဲ့ ဩဝါဒလို ကိုယ့်စိတ်တွင်း ငြိမ်းချမ်းဖို့ အရင်ကြိုးစားရမှာပါ။

သတိဆိုတာက အမြဲလိုအပ်နေတဲ့ အရာသာ ဖြစ်ပါတယ်။ ပိုသည်ဟူ၍ ဘယ်သောအခါမှ မရှိဆိုတာကို သတိထားရမှာပါ။ သတိဆိုတဲ့ အရာကို ဇက်ကြိုးဆွဲထားနိုင်မှ မလိုလားအပ်တဲ့ အပြုအမူများမှ ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။ "သမုတိသစ္စာအဖြစ်နဲ့ ပြောမယ်ဆိုရင် အဲ့သလို အသိဉာဏ်နဲ့ ယှဉ်နေတဲ့စိတ်၊ အမှား၊ အမှန် အကောင်း၊ အဆိုး ခွဲခြားနိုင်တဲ့စိတ်သာ လူပီသတဲ့ စိတ်လို့ ခေါ်ရမယ်။ အဲ့ဒီတော့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်စမ်းပါ"တဲ့။ ဆရာတော် ဦးဇောတိက ရဲ့ တရားပါ။ လူပီသဖို့သတိက အရေးကြီးတယ်ဗျ နော်။ လူဆိုတာ အသိုက်အဝန်းနဲ့ နေကြတဲ့သူ များပါ။ အသိုက်အဝန်းဆိုတာ ပါလာကတည်းက သူတစ်မျိုး ကိုယ်တစ်မျိုးနဲ့ ညှိယူမှရတော့ မယ်။ ညှိမရရင် ပြဿနာတက်တတ်တယ်ဆိုတာ သိထားပြီးဖြစ်မှာပါ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တွေနဲ့ လူပီသပြီး သတိတရား လက်ကိုင်ထားတဲ့ သူများမှသာ အဲ့ဒီအသိုက်အဝန်းက တည်ငြိမ် အေးချမ်းမှုဆိုတာ ရှိမှာပါ။ တည်တည်ငြိမ်ငြိမ်နဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတွေ ထားတတ်တဲ့ **လူပီသကြဖို့ 'ရှုဩဝါဒနဲ့ စာဩဝါဒ' တွေက အထူးအရေးပါပါတယ်။ ရုပ်ထဲ၊ ရှုထဲမှာ လူကြီးမိဘတွေ အစဉ်အဆက် ပြောဆိုဆုံးမလက်ခံလာကြတဲ့ ဩဝါဒမျိုးကို 'ရှုဩဝါဒ'လို့ ဆိုရမှာပါ။ ရှုဩဝါဒတွေမှာ ကျမ်းဂန်လာစကားတွေရှိသလို ကျမ်းဂန်လွတ်စကားများစွာလည်း ပါနေမှာပါ။ ဘုရားရှင်ရဲ့ တရားဓမ္မတွေနဲ့ ကိုက်ညီတာတွေရှိသလို၊ မကိုက်ညီတာတွေလည်း ရှိမှာပါ။ ဒါပေမယ့် ရှုဩဝါဒက လွှမ်းမိုးမှုများပါတယ်။ ပိုမိုကောင်းမွန်တဲ့ ဩဝါဒတွေက 'စာဩဝါဒ'မှာသာ ရှိတာယ်ဆိုတာ သတိထားရမှာပါ။** ဒါတွေကို အကျယ်တဝင့် ပြောနေခြင်းက စိတ်ရင်းစေတနာမှန်နဲ့ လူတွေကို ဆက်ဆံပြီး လူ့အသိုက်အဝန်းမှာ လူပီပီသသ ခေါ်နိုင်တဲ့သူဖြစ်ဖို့ တွေ့ရာ၊ မြင်ရာမှာ အမြဲ နှုတ်ဆက်ခြင်း၊ တွေ့မြင်ချင်ကြတဲ့သူမျိုးဖြစ်စေဖို့ သတိတရားထားရမှာလေးတွေကို ထောက်ပြခြင်းပါ။

"နှုတ်ဆက်"တယ်ဆိုတဲ့စကား ပါလာပြီဖြစ်လို့ "နှုတ်ဆက်"ဆိုတဲ့စကားကို နည်းနည်း သရုပ်ခွဲ ကြည့်မှသာ သင့်တော်မယ်လို့ ထင်မိပါတယ်။ လူတိုင်း နေ့စဉ်နှုတ်ဆက်ခြင်းကို ဆောင်ရွက်လေ့ ရှိပါတယ်။ သာမန်လုပ်ရိုးလုပ်စဉ် အပြုအမူကလေး အဖြစ်နဲ့ နှုတ်ဆက်ခြင်းဆိုတာက လူတိုင်းသိကြ ပါတယ်။ **တကယ်တော့ နှုတ်ဆက်ခြင်းဆိုတာက သာမန်လုပ်ရိုးလုပ်စဉ် အပေါ်ယံကိစ္စထက် အများကြီး အဓိပ္ပာယ်ရှိပါတယ်။ နှုတ်ဆက်ခြင်းဆိုတာ ကိုယ့်ရဲ့ စိတ်နှလုံးသားကို ဖွင့်ထားပါတယ်ဆိုတဲ့ သဘောကို တစ်ဖက်လူသိအောင် ပြောခြင်းမျိုး ဖြစ်ပြီး ကိုယ်နှုတ်ဆက်တဲ့သူကို လူပီသသူ တစ်ယောက်အနေဖြင့် အသိအမှတ်ပြုကြောင်း လူသားပီသသောစိတ်ရင်းဖြင့် အသိအမှတ်ပြုပါ တယ်ဆိုတဲ့ ကောင်းမွန်တဲ့ ထင်မြင်ခံစားမှုမျိုးကို ပေးတဲ့ အပြုအမူမျိုးဖြစ်ပါတယ်။** လူဆိုတာ လူ့ဘောင်လောကမှာ တစ်ဦးတစ်ယောက်တည်း အသက်ရှင်နေထိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖွဲ့ အသိအမှတ်ပြုရပါတယ်။ ပထမဆုံးလုပ်ရမယ့် အလုပ်က နှုတ်ဆက်ခြင်းအလုပ်ပါ။ အကြောင်းကိစ္စတစ်ခုခု ရှိခဲ့ရင်လည်း အရင်ဆုံးနှုတ်ဆက်ခြင်းက စကြရ တာမဟုတ်လား။ နှုတ်ဆက်ခြင်းက အစပြုပြီး မိတ်ဆွေပြု အသိုက်အဝန်းချဲ့ထွင်ရမှာဖြစ်ပါတယ်။ အသိအကျွမ်းမိတ်ဆွေ တိုးပွားတာများလာရင် ဘဝမှာ ရှင်သန်ရတာ ပိုလွယ်လာပါလိမ့်မယ်။ မနှုတ်ဆက်နိုင်သူအတွက်တော့ ဘဝက ခက်ခဲမှုတွေနဲ့ တွေ့ရမှာပါ။ နှုတ်ဆက်ခြင်း မပြုတတ်သူကို ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းကလည်း အသိအမှတ်ပြု သတိထားမိကြမှာ မဟုတ်ပါဘူး။

နှုတ်ဆက်တာကို ဆက်ပြီး လေ့လာကြည့်မယ် ဆိုရင် လူတစ်ယောက်ဟာ -

(၁) ကိုယ်ကျိုးအတွက် နှုတ်ဆက်သူ

(၂) သူတစ်ပါးအကျိုးအတွက် နှုတ်ဆက်သူ

(၃) သူ့အကျိုးအတွက်ရော၊ ကိုယ့်အကျိုး အတွက်ရောမကြည့် နှုတ်မဆက်တတ်သူ

(၄) သူ့အကျိုး၊ ကိုယ့်အကျိုးနှစ်ပါးလုံးအတွက် နှုတ်ဆက်တတ်သူလို့ ထပ်မံခွဲခြားသိနိုင်ပါတယ်။

ကိုယ်ကျိုးအတွက် နှုတ်ဆက်တတ်သူတွေက လူတစ်ယောက်ကို မြင်တာနဲ့ ငါ့အကျိုးအတွက် ဘယ်လိုအသုံးချရမလဲဆိုတဲ့ စိတ်မျိုးနဲ့ ပထမဦးဆုံး အသိအမှတ်ပြု မှတ်မိအောင် နှုတ်ဆက်ခြင်းမျိုးပါ။ သူဌေး၊ သူကြွယ်တွေ၊ အာဏာပါဝါရှိသူတွေ၊ ရာထူးဂုဏ်သိန်ရှိသူတွေလာရင် နှုတ်ဆက်ဦးညွတ်တတ်ကြတဲ့သူတွေ အများစုမှာ အဲ့ဒီနှုတ်ဆက်ခြင်း အမူအကျင့်ကို တွေ့ရလေ့ရှိပါတယ်။ သူတစ်ပါး အတွက် နှုတ်ဆက်သူဆိုရာမှာ ငါများ ဘာအကူအညီ သူ့ကိုပေးနိုင်မလဲဆိုတဲ့စိတ်နဲ့ နှုတ်ဆက်တတ်တဲ့သူမျိုးကို ဆိုလိုတာပါ။ သူ့အကျိုးအတွက်ရော ကိုယ့်အကျိုးအတွက်ရော မကြည့်၊ နှုတ်မဆက်တတ်သူဆိုတာ ကိုယ်လုပ်မှ ကိုယ်စားရတာ။ ဘယ်သူ့မှ ဂရုမစိုက်ဘူးဆိုတဲ့ လူစားမျိုးတွေပါ။ သူ့အကျိုး၊ ကိုယ့်အကျိုး နှစ်ပါးလုံးအတွက် နှုတ်ဆက်တတ်သူမျိုးက သူလိုအပ်ရင် ငါကူညီမယ်။ ငါလိုအပ်ရင်လည်း မိတ်ဆွေတိုးတာပေါ့ ဆိုပြီး စိတ်ထားကောင်းတဲ့ နှုတ်ဆက်တတ်သူမျိုးပါ။ အဲ့ဒီလို နှစ်ဖက်မျှတ စဉ်းစားနှုတ်ဆက်တတ်သူမျိုးကို မြင်အောင်ကြည့်ပြီး ရအောင်ပေါင်းရင် အကျိုးများ တိုးပွားပြီး အပြန်အလှန် မေတ္တာထားတတ်တဲ့ မိတ်ဆွေမျိုးကို ရနိုင်မှာပါ။ ဒါက တွေ့ဆုံနှုတ်ဆက်ခြင်း သဘောသဘာဝလေးကို ခွဲခြမ်းစိတ်ဖြာ စဉ်းစားကြည့်တာပါ။

**တွေ့ဆုံနှုတ်ဆက်ခြင်းဆိုတာရှိသလို ခွဲခွာခါနီး နှုတ်ဆက်ခြင်းဆိုတာကလည်း မလွဲမသွေ ကြုံကြရဦးမှာပါ။** တွေ့ဆုံနှုတ်ဆက်ခြင်းက နူးညံ့ ပျော့ပျောင်းသလောက် ခွဲခွာနှုတ်ဆက်ခြင်းက ကြမ်းရှရှနဲ့ ခံစားရခက်၊ ရင်ကွဲပက်လက်၊ အနေခက်ကြရတာလည်း သဘာဝပါ။ ခက်ခဲတဲ့ နှုတ်ဆက်ခြင်းလို့လည်း ခေါ်နိုင်ပါတယ်။ နေရပ်တစ်ခု၊ အလုပ်ခွင်တစ်ခု၊ အသိုက်အဝန်းတစ်ခုက ခွဲခွာချိန်ရောက်ရင် နှုတ်ဆက်ကြတာပါပဲ။ ဒီလို ခွဲခွာနှုတ်ဆက်တဲ့အခါ -

(၁) အပေါ်ယံနှုတ်ဆက်ခြင်း

(၂) ဝမ်းနည်းစွာနှုတ်ဆက်ခြင်း

(၃) နှမြောတသစွာနှုတ်ဆက်ခြင်း

(၄) ကျေနပ်ဝမ်းမြောက်စွာနှုတ်ဆက်ခြင်းတွေကို တွေ့ကြရမှာပါ။

အပေါ်ယံနှုတ်ဆက်ခြင်းကို သူလည်း သူ့ဘဝနဲ့သူ၊ ငါလည်း ငါဘဝနဲ့ငါ၊ ဘယ်သူသွားသွား ဒါပါပဲဆိုသည့် စိတ်ထားသူများ နှုတ်ဆက်တတ်ပြီး ဝမ်းနည်းစွာ နှုတ်ဆက်တတ်သူများက အတူရှိနေစဉ် သံယောဇဉ်များဖြင့် စိတ်ရင်းအတိုင်း ဖြူစင်စွာ ဆက်ဆံတတ်ကြသူများ၏ နှုတ်ဆက်ခြင်းမျိုးပါ။ နှမြောတသစွာ နှုတ်ဆက်ခြင်းမှာ ထိုသူ၏ အရည်အချင်းနှင့် စိတ်ထားကို လေးစားခင်တွယ်စွာဖြင့် နှုတ်ဆက်ခြင်းမျိုးပါ။ ကျေနပ်ဝမ်းမြောက်စွာ နှုတ်ဆက်ခြင်းမျိုးက ငါ့ပြိုင်ဘက်မရှိတော့ဘူး။ ကန့်လန့်နေတဲ့ကောင်တော့ သွားပြီ။ ဝေးလေကောင်းလေပဲဟု နှုတ်ဆက်တတ်သူများပါ။ နှုတ်ဆက်ရခြင်းနဲ့ နှုတ်ဆက်ခံရခြင်းတွေကို သတိနဲ့ဆင်ခြင်ကြည့်ရင် အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးကို ခွဲခြားနိုင်ပါတယ်။ အဲ့ဒီလို ခွဲခြားတတ်သူတွေကလည်း ဘယ်အချိန်အခါပဲဖြစ်ဖြစ် နောက်ဆုံးနှုတ်ဆက်ရာမှာဖြစ်ဖြစ် ကိုယ်ကပဲ နှုတ်ဆက်သွားတတ်ကြတာကို သတိပြုရမှာပါ။ **မကောင်းတတ်လို့ နှုတ်ဆက်ခြင်း၊ ကြုံလို့နှုတ်ဆက်ခြင်း၊ မဖြစ်မနေမို့ အခြားသူနဲ့ပေါင်းပြီး နှုတ်ဆက်ခြင်းတွေနဲ့ အထက်က ဆိုခဲ့တဲ့ နှုတ်ဆက်ခြင်းတွေအပြင် နောက်ထပ် နှုတ်ဆက်ခြင်းတစ်မျိုး ရှိပါသေးတယ်။ ဒါကလည်း ကြုံကို ကြုံရမှာပါ။ ကွယ်လွန်ခါနီး နှုတ်ဆက်ခြင်းကို ဆိုလိုတာပါ။** ဒါကို ယဉ်ကျေးစွာနဲ့ လူနာမေးခြင်းလို့ သုံးနှုန်းတတ်ကြပါတယ်။ အဲ့ဒီလို လူနာမေးတယ်ဆိုတာ တကယ်တော့ ကွယ်လွန်မှာမို့ လာနှုတ်ဆက်ခြင်းပါပဲ။ မစားမသောက်နိုင်တဲ့လူနာကို စားစရာတွေနဲ့ ဝမ်းနည်းတဲ့ မျက်နှာပေးတွေနဲ့ မေးတတ်ကြပါတယ်။ ဒါက အင်မတန်ဆိုးရွားတဲ့ လူနာမေးနည်း၊ သေခါနီး နှုတ်ဆက်နည်းပါပဲ။ ကွယ်လွန်ရမယ့်သူကို ပိုပြီး ဝမ်းနည်း၊ စိတ်ထိခိုက်စေတတ်ပါတယ်။ တကယ်က တက်တက်ကြွကြွ၊ ပြုံးပြုံးရွှင်ရွှင်နဲ့ ပျော်စရာ၊ အမှတ်ရစရာ၊ မျှော်လင့်စရာတွေကို စိတ်ပါလက်ပါပြောမှသာ ကောင်းမွန်တဲ့ လူမမာမေးခြင်း၊ ကောင်းမွန်တဲ့ နှုတ်ဆက်ခြင်းလို့ ဆိုရမှာပါ။

ဘယ်လိုပဲပြောပြော နိဒါန်းမှာ ဆိုခဲ့သလို နှလုံးသားမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေနဲ့ လူပီသစွာ သတိထားဆက်ဆံနှုတ်ဆက်တတ်ဖို့ အသိပေးချင်တာလေးပါပဲ . . . နှုတ်ဆက်ခြင်း သရုပ်ခွဲစရာတွေက အများကြီးမို့ ဖတ်ခဲ့၊ မှတ်ခဲ့တဲ့ ၁၉၅၃ ခုနှစ်က ငွေတာရီရဲ့ ကဗျာလေး လက်ဆောင်ပေးပြီး အဆုံးသတ် နှုတ်ဆက်လိုက်ပါတယ်။

**သဘာဝ**

* **ချစ်လိုက်တာနော် ၊ မပြောသော်လည်း**
  **ချစ်သော်မုချ ၊ သိနိုင်စွတည့်**

* **မုန်းလိုက်တာနော် ၊ မပြောသော်လည်း**
  **မုန်းသော်မုချ ၊ သိနိုင်စွတည့်**

* **သို့ပင်သိလည်း**
  **ရိုးတိုယောင်တောင် ၊ ချစ်ဟန်ဆောင်နှင့်**
  **အကြောင်းရိုက်ကာ ၊ ပြောခဲ့လှာသော်**
  **ပြန်ကာပြောရ ၊ လိုက်သင့်စွတည့်**

* **ချစ်သည့်မျက်လုံး ၊ ဝှက်ကာဖုံးသော်**
  **အမုန်းမှုပင် ၊ မြင်သည့်သွင်ဖြင့်**
  **ချစ်ကြင်မရ ၊ ဆင်ခြင်ရတည့်။**

**ငွေတာရီ**

**NATURE**

- **Though you don't say,**
  **"How I Love"**
  **If you Love, it's known**

- **Though you don't say,**
  **"How I Hate"**
  **If you Hate, it's known**

- **Yet if you say, "I Love"**
  **not Loving,**
  **One has to go along with**
  **those words**

- **And if you hide eyes which**
  **Love**
  **One has to act as though**
  **hated is seen and not Love**

**Ngwe Ta Yi**

**ဆင်ခြင်၍ . . . ဆင်ခြင်၍ သတိဖြင့် နှုတ်ဆက်နိုင်ကြပါစေ . . .**

နိုင်ဗလ

### ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၅)၊ ဦးပိုင်အမှတ်(၂)၊ ၂၁လမ်း၊ လမ်းစ၀နှင့် ၈၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ခင်နီနီစိုး(၉/မနမ(နိုင်)၁၂၄၂၆၂)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂)၊ ဦးပိုင်အမှတ်(၇၆)ခဲစင်းရှေ့ခြမ်း+နောက်ခြမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ကြည်(၉/မနတ(နိုင်)၀၇၃၇၂၄)(WMDY-၃၂၅၄၆၄)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၃၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ဇော်ဦး(၉/မတရ(နိုင်)၁၂၄၅၄၄)က တောဂရန်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ နေသူရိန်ကိုယ်ပိုင်အထက်တန်းကျောင်း Grade 12 မှ မမြတ်စုဝေနှင့် Grade 5 မှ မချစ်စုဝေတို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းတို့အရ ဦးမျိုးမင်းသန်းဖြစ်ပါကြောင်း။

**ဦးမျိုးမင်းသန်း(၅/ယမပ(နိုင်)၀၅၃၀၉၅)**

### ပျောက်ဆုံးကြောင်း

ဦးကျော်မျိုးခန့်(ဘ)ဦးထွန်းရင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ဗမန(နိုင်)၀၉၉၉၀၇)ကိုင်ဆောင်သူ၏ Passport MH 887535 ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးကျော်မျိုးခန့်(ဘ)ဦးထွန်းရင်**

**ဖုန်း ၀၉-၇၇၂၂၀၇၃၁၀၊ ၀၉-၄၀၀၀၂၈၉၉၈**

### ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-၂၁၅)၊ ဦးပိုင်အမှတ်(၁)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ၁၃၇လမ်းနှင့် ၁၃၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နှင်းပွင့်လှိုင်(၁၃/ကမန(နိုင်)၀၀၅၃၆၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၃၆၁/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးယုဝေ(၉/မကန(နိုင်)၀၇၂၇၅၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ်(၅၉၄-ခ/၁)၊ ဦးပိုင်အမှတ်(၁၀)၊ ရန်ကုန်-မန္တလေးလမ်းအနောက်ဘက်၊ အမရပူရဖြတ်လမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းရွှေ(၉/အမရ(နိုင်)၀၇၂၇၀၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၉၇၅/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးထိုက်(၅/ကလတ(နိုင်)၀၇၂၉၅၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### အမည်မှန်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

VEC ပညာရိပ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း Grade(3)တွင် ပညာသင်ကြားနေသော(အဖ) ဦးအောင်ဖြိုးသန့်ကျော်၏(သမီး)ဖြစ်သူ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မဝတီမြင့်မိုရ်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မဝတီမြင့်မိုရ်**

### ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅-N)၊ ဦးပိုင်အမှတ်(၂၀၃-ဃ)ခဲစင်း၊ ၈၈လမ်းမေးတင်၊ ၁၁လမ်းနှင့် ၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်းဦးနေထွန်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၂၀၆/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သည့်ဇနီး ဒေါ်ဝင်းဝင်းရွှေ(၉/အမဇ(နိုင်)၀၀၆၀၇၉)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၄)၊ ဦးပိုင်အမှတ်(၈၀)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ လမ်း၁၄၀နှင့် ၁၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုတပ်ကြပ်မောင်ဝင်း(၉/မနမ(နိုင်)၀၉၆၂၉၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဗေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-က)၊ ဦးပိုင်အမှတ်(၂၅)၊ ၂၃လမ်း၊ ၅၇လမ်းနှင့် မွှောရုံလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းဝင်း(၉/မနတ(နိုင်)၀၇၉၉၁၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၄၂/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်ရာ(၁/မကန(နိုင်)၀၅၂၆၈၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၆)၊ ဦးပိုင်အမှတ်(၇၀)၊ ၆၄လမ်း၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်သန်း(၁/မညန(နိုင်)၀၇၄၀၆၂)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၂၂၈/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းအောင်ဖြိုး(၉/မခန(နိုင်)၁၄၉၂၉၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ ဦးပိုင်အမှတ်(၇၀-က)၊ ၇၆လမ်း၊ ၁၁လမ်းနှင့် ၁၂လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ချစ်စုဟန်(၉/အမဇ(နိုင်)၀၁၄၈၃၆)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၁၆)၊ ဦးပိုင်အမှတ်(၇၁)ခဲစင်းအရှေ့ခြမ်း+နောက်ခြမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၃၁လမ်းနှင့် ၁၃၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းစောမြိုင်(၁/မကန(နိုင်)၀၀၄၃၇၆)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၁)၊ ဦးပိုင်အမှတ်(၁၆)၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြား၊ ၅၉လမ်းနှင့် လမ်း၆၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးအောင်သွင်(၉/မထလ(နိုင်)၁၇၈၆၉၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၃၉)၊ ဦးပိုင်အမှတ်(၁၈-ဌ)၊ ၁၆လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးရန်ကိုင်းစံ(ခ)ချစ်ဆွေ၊ ဒေါ်သန်းရီတို့(၂)ဦးအနက် ဇနီးဒေါ်သန်းရီကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၆၃၂/၂၀၁၆)ဖြင့် အမွေဆက်ခံခဲ့သည့် ခင်ပွန်းဦးရန်ကိုင်းစံ(ခ)ချစ်ဆွေ(၉/မနမ(နိုင်)၁၀၂၃၇၃)က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၃)၊ ဦးပိုင်အမှတ်(၇၈)၊ ၁၅လမ်းနှင့် ၁၆လမ်းကြား၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်ဝင်းသန်း(၉/မနမ(နိုင်)၁၁၁၃၅၄)၊ ဦးကျော်မင်းသန်း(၉/အမဇ(နိုင်)၀၁၉၅၈၁)၊ ဒေါ်ယုယုသန်း(၉/အမဇ(နိုင်)၀၁၉၅၈၂)၊ ဦးရဲမင်းသန်း(၉/အမဇ(နိုင်)၀၅၈၆၆၄)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၇၁/၂၀၂၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကိုကိုသက်နိုင်(၉/မနမ(နိုင်)၁၁၁၅၄၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၇၈၂)၊ ဦးပိုင်အမှတ်(၁-အ)၊ ၂၇လမ်း၊ ၆၉လမ်းနှင့် လမ်း၇၀ကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးညီမော်ကွန်း(၉/မနတ(နိုင်)၀၀၂၇၈၅)၊ ဒေါ်ရူပါအေးသန်းဝင်း(၉/မရတ(နိုင်)၀၀၀၄၄၇)တို့က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ဒေါ်ချို အသက်(၇၀)နှစ်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နေ(ဦးကြည်အေး+ဒေါ်ရင်မြင့်)တို့၏ သမီး၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ထန်းတပင်မြို့နေ ဦးထွန်းကြည်+(ဒေါ်ခင်သန်း)တို့၏ ချွေးမ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ၁၉လမ်း၊ ဆင်လမ်းမကြီးနေ ဒေါက်တာအောင်နိုင်သူ+မဇာခြည်ဦး၊ ကိုစိုးထိုက်အောင်+မမြတ်နိုးပွင့်တို့၏ မွေးမိခင်၊ မဂုဏ်ရည်ခွန်းချို၊ မကြည်သာခွန်းချို၊ မပန်းလက်ာခင်တို့၏ ချစ်လှစွာသော အဘွား၊ ဦးလှအောင်လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ချစ်လှစွာသော ဇနီး

### ဒေါ်ချို အသက်(၇၀)နှစ်

သည် (၃-၉-၂၀၂၅)ရက်၊ ဗုဒ္ဓဟူးနေ့ ည (၈:၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို(၅-၉-၂၀၂၅)ရက်၊ သောကြာနေ့၊ မွန်းလွဲ(၁)နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၉)၊ ဦးပိုင်အမှတ်(၆)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရှောက်စန်(၁၃/လရန(နိုင်)၀၈၆၆၄၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၉)၊ ဦးပိုင်အမှတ်(၁၃)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရှောက်စန်(၁၃/လရန(နိုင်)၀၈၆၆၄၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၈၆-ညောင်နီပင်)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ (၁ ဒသမ ၇၅)ဧက အကျယ်အဝန်းရှိ ဦးသံချောင်း ပုံစံ(၇) အမည်ပေါက် ယာမြေကွက် ဦးပိုင်အမှတ်(၈၂/၁)၊ ဧရိယာ (၂ ဒသမ ၆၇)ဧက အကျယ်အဝန်းရှိ ဦးသံချောင်း ပုံစံ(၇) အမည်ပေါက် ဥယျာဉ်မြေကွက်၊ စုစုပေါင်း (၄ ဒသမ ၄၂)ဧကခန့် အကျယ်အဝန်းရှိ မြေကွက်၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားသူဖြစ်သော ဦးသံချောင်း၏ဇနီးဖြစ်သူ ဒေါ်ငွေအောင်(ဘ)ဦးဆန်(၉/အမရ(နိုင်)၀၁၆၁၅၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉–၂၀၁၉၇၀၁၊၀၉–၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၀)၊ ဦးပိုင်နံပါတ်(၄၉) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးခင်မောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန်းသန်းဆွေ(ဘ)ဦးစိုးမောင်(၉/ပကခ(နိုင်)၀၅၆၇၁၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၇)၊ ဦးပိုင်နံပါတ်(၆၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ခင်အုန်းမြင့် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း (၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်စိုး(ဘ)ဦးပေခွေး(၉/ညဥန(နိုင်)၀၃၄၉၁၂)[၄င်း၏ကိုယ်စား ဦးနေစိုင်းစိုင်းသူ(ဘ)ဦးမောင်တိုး(၈/ပခက(နိုင်)၂၃၈၉၈၇)]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၀၀

## ဒေါ်အေးအေးမြင့်၊ ဦးပြည့်စုံအောင်၊ ဦးသက်နိုင်အောင်၊ ဦးကျော်ဇင်အောင်၊ ဒေါ်ဝေဇင်မြင့်နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(ထထ–၄)၊ (စ)ရပ်ကွက်နေ ဒေါ်သင်းဝတ်ရည်အောင်(ဘ)ဦးမောင်ဦး(၉/ပကခ(နိုင်)၀၇၄၀၁၃)နှင့် ဒေါ်ခွန်ပွင့်အောင်(ဘ)ဦးမောင်ဦး(၉/ပကခ(နိုင်)၀၆၈၃၀၁)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်(၆၇၈)၊ ၇၅လမ်း၊ ၃၅လမ်းနှင့်၃၆လမ်းကြား၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ(၀ ဒသမ ၀၅၆၅)ဧက အကျယ်အဝန်းရှိ ဦးတင်ဖေ အမည်ပေါက် ဂရန်မြေကွက်နှင့် ဈေးချို(စကားဝါ ၆)ရုံ မြေညီထပ်ရှိ အခန်းအမှတ်(၃၂)တို့သည် ကျွန်ုပ်မိတ်ဆွေများ၏ အဘိုးဖြစ်သူ ဦးတင်ဖေ ကွယ်လွန်ပြီးနောက်တွင် အမွေပုံပစ္စည်းများအဖြစ် ကျန်ရှိခဲ့ပါသည်။ အထက်ပါ အမွေပုံပစ္စည်းများအား ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဒေါ်သင်းဝတ်ရည်အောင်၊ ဒေါ်ခွန်ပွင့်အောင်တို့အား အကြောင်းကြား၊ အသိပေးခြင်းမရှိဘဲ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲဒါန်းခြင်း မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်အေးအေးမြင့်၊ ဦးပြည့်စုံအောင်၊ ဦးသက်နိုင်အောင်၊ ဦးကျော်ဇင်အောင်၊ ဒေါ်ဝေဇင်မြင့်နှင့် အများသိစေရန် အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးညီညီပိုင်စိုး(LL.B) (စဉ်–၁၉၃၁၄)**
**တရားလွှတ်တော်ရှေ့နေ**
**၇၈လမ်း၊ ဆောက်လုပ်ရေးတိုက်ခန်း၊ အခန်း(၄)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ၀၉–၄၄၄၆၈၉၁၀၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၃)၊ ဦးပိုင်အမှတ်(၄၀+၅၁)၊ ဧရိယာ(၀ ဒသမ ၁၁၀)ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံ အကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မင်းမင်းမြတ်(ဘ)ဦးစန်းမောင်(၈/မကန(နိုင်)၀၃၄၁၀၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇–လမ်း၊ ၃၁–အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၁၀)၊ ဦးပိုင်အမှတ်(၃-က)၊ ဧရိယာ(၀ ဒသမ ၀၈၁၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်မြဆွေ(ဘ)ဦးထွန်းအိ(၁၂/ကတန(နိုင်)၀၄၈၇၇၃)၊ ၂။ ဒေါ်မြငွေ(ဘ)ဦးထွန်းအိ(၉/မရမ(နိုင်)၀၅၂၇၆၉)၊ ၃။ ဒေါ်စန်းစန်းအေး(ဘ)ဦးထွန်းအိ(၉/မရမ(နိုင်)၀၅၂၇၇၀)၊ ၄။ ဒေါ်လွင်လွင်ဌေး(ဘ)ဦးထွန်းအိ(၉/မရမ(နိုင်)၀၅၂၇၇၁)၊ ၅။ ဦးသန်းထိုက်(ဘ)ဦးထွန်းအိ(၉/မရမ(နိုင်)၀၀၀၈၈၄)၊ ၆။ ဒေါ်မြမြသန်း(ဘ)ဦးခင်မောင်ဝင်း(၉/မရမ(နိုင်)၀၅၂၇၇၂)နှင့် ၇။ ဦးဝဏ္ဏထွန်း(ဘ)ဦးညွန့်ဝေ(၉/ခအဇ(နိုင်)၀၁၃၁၂၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇–လမ်း၊ ၃၁–အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁၀)၊ ဦးပိုင်နံပါတ်(၃၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဒေါ်သီလှ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြည်လုံး(ဘ)ဦးသာလူ(၉/မရတ(နိုင်)၀၉၀၀၀၀) [၄င်း၏ကိုယ်စား သမီးဖြစ်သူ ဒေါ်ခင်မျိုးသွယ်(ဘ)ဦးကျော်အေး(၉/ခမစ(နိုင်)၀၁၆၇၀၄)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ**

| ဒေါ်ယုသစင်အောင်(LL.M) | ဒေါ်အေးနန္ဒာထွန်း(LL.B) | ဒေါ်မာလာစိုး(LL.B) | ဒေါ်ဖူးသန့်မွန်(LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၂)၊ ဦးပိုင်နံပါတ်(၁၂-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၈၃)ဧက အကျယ်အဝန်းရှိ ဦးသိန်းဟန် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လီလီ(ခ)ဒေါ်ကျင်းကျင်း(ဘ)ဦးလီလီချင့်(ခ)ဦးလောဝူး(၁၃/ကခန(နိုင်)၀၆၂၆၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးဝေဖြိုးသူ (LL.M) | ဦးကြည်ယံ (LL.M) | ဦးမျိုးထက်လင်း (LL.B) | ဒေါ်ရွှေရည်ဝင်း(LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၇၉၈၄၇၆၃၀၂**

❖ မြန်မာတိုင်းရင်းသားတို့သည် အရေးကြီးသည့်အခါ သွေးနီး၍ အရေးကြုံတော့ သွေးဆုံစွာ ပြည်နယ်၊ ပြည်မမခွဲခြားဘဲ တစ်သွေးတစ်သားတည်း တစ်အူထုံ့ဆင်း ဆွေမျိုးရင်းစိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြပါသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သကဲ့သို့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၃

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဘာသာရပ်ဆိုင်ရာ

စာမျက်နှာ ၆ သို့ ☆



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မဟာယူနိုက်တက်(ယူ- ၂၁)အသင်းအား ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက်(ယူ- ၂၁)အသင်း



ရန်ကုန် စက်တင်ဘာ ၃

ယနေ့ ဗဟန်းဘောလုံးကွင်းတွင် မြန်မာနေရှင်နယ်လိဂ်လူငယ် အမှတ်ပေးပြိုင်ပွဲအဖြစ် မဟာယူနိုက်တက်(ယူ-၂၁)အသင်းနှင့် ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ပြီး ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်းက ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်လူငယ်အသင်းသည် မဟာယူနိုက်တက်လူငယ်အသင်းအား ဖိအားပေးတိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲချိန် ၈ မိနစ်တွင် ပင်နယ်တီရရှိခဲ့ကာ ထိုပင်နယ်တီအား လမင်းပြည့်စုံက ကန်သွင်းယူခဲ့သော်လည်း တစ်ဖက်အသင်းဂိုးသမား၏ ကာကွယ်မှုကြောင့် ဦးဆောင်ဂိုးနှင့် လွဲချော်ခဲ့သည်။ ထို့နောက် ရန်ကုန်ယူနိုက်တက်လူငယ်အသင်းမှ ဦးဆောင်ဂိုးများရရှိရေး ဖိအားပေးကစားခဲ့ကာ ပထမပိုင်းတွင် ဦးဆောင်ဂိုး နှစ်ဂိုးရရှိခဲ့ပြီး ပွဲချိန် ၂၀ မိနစ်နှင့် ၂၅ မိနစ်များတွင် လမင်းပြည့်စုံနှင့် ထူးဝဏ္ဏတို့က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်ယူနိုက်တက်လူငယ်အသင်းမှ ပင် ပွဲအား စိုးမိုးထားနိုင်ခဲ့ပြီး ပွဲချိန် (၅၇၊ ၇၅၊ ၈၇) မိနစ်များတွင် ဒုတိယဦးဆောင်ဂိုးသွင်းယူထားသည့် ထူးဝဏ္ဏကပဲ ဆက်တိုက်သွင်းယူပေးခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းသည် (၁၈)ပွဲကစား (၁၁)ပွဲနိုင်၊ (၄)ပွဲသရေ၊ (၃)ပွဲရှုံးရလဒ်ဖြင့် အဆင့်(၃)တွင် ရပ်တည်လျက်ရှိနေပြီး လာမည့် စက်တင်ဘာ ၉ ရက်နေ့တွင် ဒဂုံပေါ် (ယူ-၂၁)အသင်းနှင့် YUSC ကွင်းတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

(NGB)

## အာရှဖလား (ယူ-၂၃)အဖွင့်ပွဲတွင် မြန်မာအသင်းနှင့် ကူဝိတ်အသင်းတို့ ဂိုးမရှိ သရေကျ

ရန်ကုန် စက်တင်ဘာ ၃

အာရှဖလား (ယူ-၂၃) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ကူဝိတ်အသင်းတို့ ယနေ့ မြန်မာ စံတော်ချိန် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေခြင်းကြောင့် ယနေ့ ကူဝိတ်အသင်းအား သရေရလဒ် ကစားနိုင်ခြင်းသည် ကျေနပ်စရာရလဒ်ဖြစ်သော်လည်း ခြေစစ်ပွဲအောင်နိုင်ရေးအတွက် လက်ကျန်ပွဲစဉ်နှစ်ပွဲအား ရုန်းကန်သွားရမည်ဖြစ်သည်။



မြန်မာအသင်းသည် အာရှဖလား (ယူ-၂၃) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် ကူဝိတ်၊ ဂျပန်၊ အာဖဂန်နစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

မြန်မာအသင်းသည် အာရှဖလား (ယူ-၂၃) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၆ ရက်တွင် အာရှထိပ်သီးကလပ် ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

နိုင်ကမ္ဘာ

0-0-0-0-0